# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၉-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၇ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၈ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၂ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၃) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၆) မိုးညှိမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၄ ရက်၊

(၇) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း ခွင့် ၄ ရက်နှင့်

(၈) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၄ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မန္တလေး-မြစ်ကြီးနားမီးရထားခရီးစဉ်တွင် သာမန်ရထားစီးခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် အမှတ် (၅၅/၅၆) အစုန်/အဆန် အထူးအမြန်ရထားနှင့် အမှတ်(၅၇/၅၈) အစုန်/အဆန် မန္တလာရထား ကဲ့သို့ နောက်ထပ်မီးရထားခရီးစဉ်တစ်ခုပြေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက် လေ့လာကြသော ဧည့်သည်တော်အပေါင်း ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းလေးကတော့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းခရီးစဉ်တွင် မီးရထား တစ်စီးအသစ်ထပ်မံတိုးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းလေးဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တို့ ဆက်သွယ်ထားသော မီးရထားလမ်းမှာ ပြေးဆွဲနေတဲ့ လူစီး ရထားများရှိပါတယ်။ မန္တလေးမှ မြစ်ကြီးနားသို့ပြေးဆွဲနေတဲ့ အဆန်ရထားများကတော့ အမှတ် (၃၃)၊ အမှတ် (၃၇)၊ အမှတ် (၅၅)၊ အမှတ် (၅၇) နှင့် အမှတ် (၄၁) အဆန်ရထားများဖြစ်ကြပြီးတော့မှ မြစ်ကြီးနားမှ မန္တလေးသို့ပြေးဆွဲနေတဲ့ အစုန်ရထားများကတော့ အမှတ်(၃၄)၊ အမှတ်(၃၈)၊ အမှတ်(၅၆)၊ အမှတ်(၅၈) နှင့် အမှတ်(၄၂) အစုန်ရထားများ ဖြစ်ကြပါတယ်ခင်ဗျား။ နဘားခေါက်ပြန် ရထားများရှိသော်လည်း လူစီးတွဲ တစ်တွဲ၊ နှစ်တွဲသာပါရှိခြင်းနှင့် အချိန်မမှန်ခြင်း၊ နေ့တိုင်းပြေးဆွဲခြင်း မရှိတဲ့အတွက် ခရီးသွားပြည်သူများအတွက် အဆင်ပြေခြင်းမရှိပါခင်ဗျား။ မန္တလေး၊ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ နဘား၊ အင်းတော်၊ မိုညှင်း၊ မိုးကောင်း၊ နမ့်ခမ်း၊ မြစ်ကြီးနားမြို့များက

သာမန်ရထားစီး ခရီးသွားပြည်သူများဟာ အမှတ်(၅၅/၅၆) အစုန်ရထားနှင့် အမှတ်(၅၇/၅၈) အစုန်/အဆန်ရထားများကို အားထားပြီး စီးနင်းနေရပါသဖြင့် ထိုရထားတွေဟာ အမြဲပဲ လူကြပ်နေရပါတယ်။ အမှတ်(၃၃/၃၄) အစုန်/အဆန်ရထားနှင့် အမှတ်(၃၇/၃၈) အစုန်/အဆန်ရထားများရှိသော်လည်း ရထားလက်မှတ်ခဈေးကြီးခြင်းနှင့် မြို့ကြီးဘူတာများတွင်သာ ရထားရပ်ခြင်းကြောင့် သာမန်ရထားစီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့ခြင်းမရှိပါဘူး။ အမှတ်(၄၁/၄၂) အစုန်/အဆန်ရထားမှာလည်း ကုန်ပစ္စည်းများကို ဘူတာစဉ် တင်ချပြုလုပ်ခြင်းနှင့် မန္တလေး-မြစ်ကြီးနားခရီးစဉ်တွင် လမ်း၌ နှစ်ညခန့်အိပ်ခြင်းကြောင့် သာမန်ရထားစီးခရီးသွားပြည်သူများအတွက် အဆင်ပြေခြင်းမရှိပါဘူးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းလေးကို မေးတဲ့အချိန်မှာ ၄ လပိုင်း၊ ၅ လပိုင်း ရထားစီးခရီးသည် အလွန်များပြီး ကြပ်သိပ်နေတဲ့အချိန်ပေး မေးခြင်းဖြစ်ပါတယ်။ ယခုတော့ ရထားလမ်း၊ သံလမ်းများ ရေကျော်ခြင်းနဲ့ ရထားတွဲများချော်ကျခြင်းကြောင့် ခရီးသွားပြည်သူများစီးနင်းဖို့ အနည်းငယ် လျော့ကျနေတာကို တွေ့မြင်ရပါတယ်ခင်ဗျား။ ကျွန်တော် မေးမယ့်မေးခွန်းလေးကတော့ မန္တလေး-မြစ်ကြီးနားမီးရထားခရီးစဉ်တွင် သာမန်ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် အမှတ်(၅၅/၅၆) အစုန်/အဆန်ရထားနှင့် အမှတ်(၅၇/၅၈) အစုန်/အဆန်ရထားများကဲ့သို့ နောက်ထပ် မီးရထားခရီးစဉ်တစ်ခုပြေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်တွင် သာမန်ရထားစီးခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် အမှတ် (၅၅/၅၆) အစုန်/အဆန် အထူးအမြန်ရထားနှင့် အမှတ်(၅၇/၅၈) အစုန်/အဆန် မန္တလေးရထားကဲ့သို့

နောက်ထပ်မီးရထားခရီးစဉ်တစ်ခုပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်မည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ အောက်ပါအတိုင်း ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းတွင် ပြေးဆွဲနေသောရထားများကို ဦးစွာ တင်ပြလိုပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း တောက်လျှောက်ပြေးဆွဲနေတဲ့ အမြန်ရထား ရှစ်စင်းရှိပါတယ်။ စာပို့ရထား နှစ်စင်းနဲ့ ပါဆယ်ရထား နှစ်စင်းရှိပါတယ်။ နောက်ကြားလမ်းပိုင်းတွေဖြစ်တဲ့ ကောလင်း-နမ့်ခမ်းလမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ မိုးကောင်း-မြစ်ကြီးနားလမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ရွှေဘို-မိုးညှင်းလမ်းပိုင်းအတွင်း လူစီးကုန်တင်ရထား နှစ်စင်း၊ ရွာထောင်-ကောလင်းလမ်းပိုင်း လူစီးကုန်တင်ရထား နှစ်စင်း၊ မန္တလေး-နဘားလမ်းပိုင်းလူစီးကုန်တင်ရထား နှစ်စင်း၊ မြစ်ကြီးနား-နဘားလမ်းပိုင်းအတွင်း လူစီးကုန်တင်ရထား နှစ်စင်း၊ မြို့ဟောင်း-ရွှေဘို လမ်းပိုင်းအတွင်း ခရီးတိုရထား နှစ်စင်း စုစုပေါင်း ၂၆ စင်းနှင့် ကုန်ရထားအစုန်/အဆန် ခြောက်စင်း၊ နေ့စဉ် အစုန်/အဆန်ပြေးဆွဲပေးလျက်ရှိပါတယ်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ ရထားဘူတာများနှင့် ရပ်တန့်ဘူတာများကို တင်ပြပါမယ်ခင်ဗျား။ မန္တလေးနှင့် မြစ်ကြီးနားဘူတာအပါအဝင် စုစုပေါင်း ၆၇ ဘူတာရှိပြီး အမြန်ရထားများအနေဖြင့် အမှတ် (၅၅/၅၆) ရထားခရီးစဉ်မှာ ရပ်တန့်ဘူတာက ၂၂ ဘူတာ၊ အမှတ် (၅၇/၅၈) ရထားခရီးစဉ်မှာ ရပ်တန့်ဘူတာက ၂၀ ဘူတာ၊ အမှတ် (၃၇/၃၈) ရထားတွင် ရပ်တန့်ဘူတာက ၂၆ဘူတာ၊ အမှတ် (၃၃/၃၄) ရထားတွင် ရပ်တန့်ဘူတာက ခြောက်ဘူတာ၊ စာပို့ဘူတာအမှတ် (၄၁/၄၂) ရထားတွင် ရပ်တန့်ဘူတာ ၄၃ ဘူတာ၊ လူစီးကုန်တင်ရထားများနှင့် ခရီးတိုရထားများအတွက် ခရီးစဉ်တစ်လျှောက် ဘူတာစဉ် ရပ်တန့်ပေးပါတယ်။ ဒီဟာကို ကြည့်ရင်တော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ခုနက အမှတ်(၃၇/၃၈)နှင့် အမှတ်(၃၃/၃၄)က ရပ်တန့်တဲ့ဘူတာက မြို့ကြီးများသာရပ်တန့်တာ မှန်ကန်ပါတယ်။ နောက်တစ်ခါ အမှတ်(၄၁/၄၂)ကလည်း ဘူတာ ၄၃ ဘူတာ အစဉ်အလိုက်ရပ်တန့်သွားတဲ့အတွက် ခရီးအချိန် နည်းနည်းကြာမြင့်ပါတယ်။

**မူကြမ်း**

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ ခရီးသည်စီးနင်းမှုအခြေအနေကို တစ်ရက်ပျမ်းမျှခရီးသည် စီးနင်းမှုကို တင်ပြပါမယ်။ အမှတ် (၅၅) အဆန်ရထားမှာ ၉၉၅ ဦး၊ အမှတ်(၅၆) အစုန်ရထားမှာ ၁၂၃၈ ဦး၊ အမှတ်(၅၇) အဆန်ရထားတွင် ၁၂၁၈ ဦး၊ အမှတ်(၅၈) အစုန်ရထားတွင် ၉၅၀ ဦး၊ အမှတ်(၃၇) အဆန်ရထားတွင် ၅၅၈ ဦး၊ အမှတ်(၃၈) အစုန်ရထားတွင် ၅၈၆ ဦး၊ အမှတ်(၃၃) အဆန်ရထားတွင် ၁၈၀ ဦး၊ အမှတ်(၃၄) အစုန်ရထားတွင် ၁၂၃ ဦး၊ အမှတ်(၄၁) အဆန်ရထားတွင် ၅၇၀ ဦး၊ အမှတ် (၄၂) အစုန်ရထားတွင် ၇၀၁ ဦး စီးနင်းလျက်ရှိပါတယ်။ ဒီမှာ စီးနင်းတဲ့ခရီးသည်ဦးရေကိုကြည့်မယ် ဆိုရင်လည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ အမှတ် (၅၅/၅၆)၊ အမှတ်(၅၇/၅၈) မှာတော့ ရထားခရီးသွားပြည်သူအများဆုံး စီးနင်းလိုက်ပါတာ တွေ့ရပါ တယ်။ နောက်တစ်ခါ အမှတ်(၃၃/၃၄) ကျတော့ အနည်းဆုံး ဖြစ်နေတာကို တွေ့ရှိရတာ ဖြစ်ပါတယ်။

မန္တလေး-မြစ်ကြီးနားခရီးစဉ် အစ/အဆုံးပြေးဆွဲနေတဲ့ ရထားများရဲ့ တွဲဆိုင်းပါရှိမှုကို ဆက်လက် တင်ပြပါရစေ။ အမှတ်(၅၅/၅၆) ရထားတွင် ရိုးရိုးတန်း ခုနစ်တွဲ၊ ပထမတန်း တစ်တွဲ၊ အထက်တန်း နှစ်တွဲ၊ အမှတ်(၅၇/၅၈) ရထားတွင် ရိုးရိုးတန်း ခြောက်တွဲ၊ ပထမတန်း နှစ်တွဲ၊ အထက်တန်း သုံးတွဲ၊ အမှတ်(၃၇/၃၈) ရထားတွင် ရိုးရိုးတန်း ရှစ်တွဲ၊ အထက်တန်း နှစ်တွဲ၊ အမှတ်(၃၃/၃၄) ရထားတွင် ရိုးရိုးတန်း တစ်တွဲ၊ အထက်တန်း နှစ်တွဲ၊ အိပ်စင် ငါးတွဲ၊ အမှတ်(၄၁/၄၂) ရထားတွင် ရိုးရိုးတန်း သုံးတွဲ၊ ပထမတန်း တစ်တွဲ၊ အထက်တန်း နှစ်တွဲတို့ဖြင့် ချိတ်ဆက်ရေးဆွဲပြေးလျက် ရှိပါတယ်။

မန္တလေး-မြစ်ကြီးနားခရီးစဉ် အစ/အဆုံးပြေးဆွဲနေတဲ့ ရထားများရဲ့ ပြေးဆွဲကြာမြင့်ချိန်ကို ကျွန်တော် ဆက်လက်တင်ပြပါမယ်။ အမှတ်(၅၅) အဆန်ရထားတွင် ၂၃ နာရီ ၃၀ မိနစ်၊ အမှတ်(၅၆) အစုန်ရထားမှာဆိုရင် ၂၅ နာရီ ၅၅ မိနစ်၊ အမှတ်(၅၇) အဆန်ရထားမှာဆိုရင် ၂၅ နာရီ ၄၅ မိနစ်၊ အမှတ်(၅၈) အစုန်ရထားတွင် ၂၄ နာရီ ၄၀ မိနစ်၊ အမှတ်(၃၇) အဆန်ရထားတွင် ၂၂ နာရီ၊ အမှတ် (၃၈) အစုန်ရထားတွင် ၂၂ နာရီ ၁၅ မိနစ်၊ အမှတ်(၃၃) အဆန်ရထားတွင် ၂၁ နာရီ ၅၀ မိနစ်၊ အမှတ်(၃၄) အစုန်ရထားတွင် ၂၂ နာရီ ၃၀ မိနစ်၊ အမှတ်(၄၁) အဆန်ရထားတွင် ၃၀နာရီ ၄၅ မိနစ်၊ အမှတ်(၄၂) အစုန်ရထားတွင် ၂၈ နာရီ ၁၅ မိနစ်တို့ ဖြစ်ပါတယ်။ ဒီမှာလည်း ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း အမှတ်(၄၁/၄၂)မှာဆို ဘူတာတွေ အစဉ်လိုက်ရပ်တဲ့ အတွက်ကြောင့်မို့လို့ အချိန်အကြာဆုံး ကြာမြင့်တာကို တွေ့ရှိနေရပါတယ်။

မြန်မာ့မီးရထားတွင် လမ်းပိုင်းအလိုက် ၂၄ နာရီအတွင်း အများဆုံး လက်ခံနိုင်သော ရထားစီးရေ (Line Capacity) ကို တွက်ချက်မှု မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပါဝင်သည့် ထန်းကုန်း-ကန့်ဘလူ ကြားဘူတာလမ်းပိုင်းတွင် အများဆုံးလက်ခံနိုင်တဲ့ ရထားစင်းရေမှာ ၂၄ စင်း ဖြစ်ပြီး၊ ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲသည့် စီးရေမှာ ၂၂ စီးဖြစ်ခြင်း၊ နမ့်ခမ်း-ဘုံချောင်းကြား ဘူတာလမ်းပိုင်းတွင် အများဆုံးလက်ခံနိုင်သော ရထားစင်းရေမှာ ၁၆ စင်းဖြစ်ပြီး၊ ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲသည့် စီးရေမှာ ၁၈ စီးဖြစ်ခြင်း၊ မော်ဟန်-ကာဒူကြား ဘူတာလမ်းပိုင်းတွင် အများဆုံး လက်ခံနိုင်သော ရထားစင်းရေမှာ ၁၆ စင်းဖြစ်ပြီး ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲနေသည့် အစီး ၂၂ စီးအထိ ဖြစ်နေခြင်းတို့ကြောင့် တစ်စီတည်းသွားလမ်းပိုင်း ဒီမန္တလေး-မြစ်ကြီးနား Signal Sight တစ်စီးတည်းသွားလမ်းပိုင်းမှာ ရထားစင်းရေ ထပ်မံတိုးချဲ့ပါက မလိုလားအပ်တဲ့ ရထားပိတ်ဆို့မှုနှင့် ကြန့်ကြာမှုများ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တစ်ချက်လေးရှင်းပြချင်တာက နမ့်ခမ်း-ဘုံချောင်းနှင့် မော်ဟန်-ကာဒူကြားလမ်းပိုင်းတွေမှာ အများဆုံးလက်ခံနိုင်တဲ့ ရထားစင်းရေ ထက် အမှန်တကယ် အခုအများဆုံးပေးတဲ့စီးရေဟာ ကျော်နေတာ တွေ့ရပါတယ်။ အဲဒီကြောင့် ကျွန်တော်တို့က အများဆုံးလက်ခံနိုင်တဲ့ ရထားစင်းရေကို တွက်တဲ့အခါမှာ ရထားခုတ်မောင်းတဲ့ အချိန်ပေါ်မူတည်ပြီးတော့ သူ့ရဲ့ Formula နဲ့ တွက်ချက်တာ ဖြစ်ပါတယ်။ ဒီဟာက ခုနကပြောသလို ကျွန်တော်တို့က ဒီထက်တောင်ကျော်သွားမယ်ဆိုရင် ရထားတွေက ခုနက Signal Sight ဖြစ်တဲ့ အတွက်ကို ကျွန်တော်တို့က အရမ်းကြန့်ကြာတဲ့ ရထားတွေကို နောက်ကျပိတ်ဆို့မှာ ဖြစ်ပါတယ် ခင်ဗျား။

ဒီတစ်ခါ ကျွန်တော်တို့က လက်ရှိအခြေအနေကို တင်ပြပြီးတဲ့နောက်မှာ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းထပ်မံဆောင်ရွက်ပေးမည့် အစီအစဉ်လေးကို တင်ပြချင်ပါတယ်ခင်ဗျား။ အမှတ်(၃၃/၃၄) အစုန်အထူးရထား၏ တွဲဟောင်းများကို မြစ်ငယ်စက်ရုံမှ အသစ်ထုတ်လုပ်သော အိပ်စင်တွဲ ၁၀ တွဲဖြင့် အစားထိုးပြီး တစ်ဆိုင်းတစ်ခေါင်းဖြင့် ရက်ခြားမကြာမီစီစဉ်ပြေးဆွဲပေးမှာ ဖြစ်ပါတဲ့အကြောင်း တင်ပြ လိုပါတယ်။ အမှတ်(၃၃/၃၄) ရဲ့ရထားလက်မှတ်ခနှုန်းထားများကို ၁၁-၇-၂၀၁၆ ရက်နေ့တွင် လျှော့ချ၍ပြေးဆွဲခဲ့ပါတယ်။ အဲဒီတော့ လျှော့ချခဲ့တဲ့ဟာကတော့ ရိုးရိုးတန်းဆို ယခင်က ၉၅၀၀ ကျပ်ကနေပြီး တော့ ၆၂၀၀ ကျပ်ထိလျှော့ချပေးခဲ့ပါတယ်။

အထက်တန်းထိုင်ခုံမှာဆိုရင် ကျွန်တော်တို့က ၁၈၈၀၀ ကျပ်ကနေပြီးတော့ ၁၃၀၀၀ အထိ ကျွန်တော်တို့က လျှော့ချပေးခဲ့ပါတယ်။ အထက်တန်းအိပ်စင်တွေကိုတော့ ၂၂၅၀၀ ကနေပြီးတော့ ၁၇၀၀၀ ထိကျွန်တော်တို့ လျှော့ချခဲ့ပေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက ၁၁ ရက်ကပါ။ နောက်တစ်ခါ မန္တလေး-ကောလင်းကြားဘူတာများဖြစ်သော ဝက်လက်၊ ရွှေဘို၊ ထန်းတပင်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်း၊ ကောလင်းဘူတာများမှ ခရီးသည်များ အမှတ်(၅၅/၅၆)၊ အမှတ်(၅၇/၅၈)၊ အမှတ်(၃၇/၃၈) အမှတ်(၄၁/၄၂) ရထားများကိုသာ အသုံးပြု၍ မန္တလေးဒေသကို သွားလာနေကြပါတယ်။ စောစော ပိုင်းက တင်ပြတဲ့အပိုင်းမှာပါတဲ့ ပျမ်းမျှတစ်ရက်စီးနင်းတဲ့ဦးရေအရဆိုရင် ဒါက သိသာပါတယ်။ မန္တလေး-ကောလင်းဟာ RBE အထူးအမြန်အမှတ်(၅၃)အဆန်ရထားနှင့် ကောလင်း-မန္တလေး RBE အထူးအမြန်အမှတ်(၅၄)အစုန်ရထားနှစ်စင်းကို ကျွန်တော်တို့ ၁-၇-၂၀၁၆ ခုနှစ်မှာ ဖွင့်ပွဲအခမ်း အနားပြုလုပ်၍ စတင် နေ့စဉ်ပေးဆွဲခဲ့ပါတယ်။ RBE ရထားတစ်စင်းမှာဆိုရင် ကျွန်တော်တို့ ခရီးသည် ပေါင်း၂၂၀ ဦးတင်ဆောင်နိုင်ပါတယ်ခင်ဗျား။ ထိုသို့ပြေးဆွဲခြင်းဖြင့် အမြန်ရထားကြီးများမှာ အဆိုပါ ဒေသများ၌ ခရီးသည်စီးနင်းမှုလျော့ကျသွားပြီဖြစ်ပြီး ခရီးဝေးသွားမည့်ကချင်ပြည်နယ်မှ ခရီးသည်များ အတွက် ထိုင်ခုံနေရာများ ပိုမိုစီစဉ်ပေးနိုင်မည် ဖြစ်ပါတယ်။ ကျွန်တော်တို့ခုနကပြောသလို ကောလင်း နဲ့ မန္တလေးကြားမှာ RBE တွေထပ်ဖြည့်တဲ့အတွက် ခုနက အမှတ် (၅၅/၅၆)၊ အမှတ်(၅၇/၅၈) တို့မှာရှိ တဲ့ ခရီးသည်တချို့က အဲဒီအပိုင်းတွေမှာ RBE တွေရှိတဲ့အတွက်ကို ကျွန်တော်တို့က ခရီးသည်အရေ အတွက် ထိုင်ခုံနေရာရဖို့ စီစဉ်ပေးနိုင်မှာ ဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ မန္တလေး-နဘားနှင့် နဘား-မြစ်ကြီးနားခရီးစဉ်အဖြစ် ပြေးဆွဲနေတဲ့ လူစီးကုန်တင်ရထားများဖြစ်သည့် အမှတ် (၄၇/၄၈)၊ အမှတ်(၄၉/၅၀)ရထားများနှင့် ရွှေဘို-မိုးညှင်းလမ်းပိုင်းပြေးဆွဲနေသော အမှတ်(၃၉/၄၀) ရထားတို့တွင် လိုအပ်သော ရိုးရိုးတန်းတွဲများ ထပ်မံချိတ်ဆက်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် မန္တလေး-နဘားလူစီးကုန်တင်ရထားအား ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် နေ့ပိုင်းပြေးဆွဲသည့်အချိန်စာရင်းသို့ ပြင်ဆင်ရေးဆွဲသွားမှာဖြစ်ပါတယ်။ အမှတ်(၅၇/၅၈) အဆန်/အစုန်ရထားကို မြစ်ကြီးနားကနေထွက်ချိန်ကို ပြင်ဆင်ပြောင်းလဲပေးခြင်းဖြင့် မန္တလေးအရောက် ထွက်ချိန်စောလာမည်ဖြစ်ပြီး တွဲဆိုင်း(၁)ဆိုင်းပိုလျှံလာမည်ဖြစ်၍ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲနေတဲ့အခြားရထားများ၏ တွဲလိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်မှာ ဖြစ်သည့် အတွက် အချိန်စာရင်းပြင်ဆင်ပြောင်းလဲပြေးဆွဲခြင်းကိုလည်း မကြာခင်စတင်သွားမှာ

ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီရထားတွေဆွဲတဲ့အခါမှာ အမှတ်(၅၇/၅၈)ဆို သုံးဆိုင်းနဲ့ဆွဲနေတာ ရထားခုတ်မောင်းတဲ့အချိန်နဲ့ ဝင်တဲ့အချိန်တွေပေါ်မူတည်ပြီးတော့ တစ်ခါပြန်ပြီးတော့ ဆန်တက်တဲ့ အခါမှာ တွဲဆိုင်း(၁)ဆိုင်းကို ကျွန်တော်တို့က Stand By အနေနဲ့ အရန်ထားရှိရမှာ ဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ အခု ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီရထားအချိန်ဇယားတွေကို အကုန်လုံးပြန်ပြီးတော့၊ သေချာသုံးသပ်ပြီးတော့ ပြန်လည်ပြင်ဆင်ရေးဆွဲနေပါတယ်ခင်ဗျား။ ဒီလိုရေးဆွဲတဲ့အခါမှာ ခုနက ပြောသလို အချိန်တွေက အစုန်နဲ့အဆန်ကြားထဲမှာ အချိန်ရရင် ကျွန်တော်တို့က အရန်ထားတဲ့ တွဲဆိုင်းကို ကျွန်တော်တို့က တခြားမှာထည့်ပြီးတော့ ပြေးဆွဲလို့ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က ခရီးသွားပြည်သူရဲ့လိုအပ်ချက်ကို ပိုမိုဖြေရှင်းနိုင်မှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့က မြစ်ငယ်စက်ရုံမှာ အတွဲသစ်များထပ်မံ၍ ထုတ်လုပ်နိုင်ချိန်တွင်လည်းကောင်း၊ နိုင်ငံခြားမှာ လူစီးတွဲများဝယ်ယူရောက်ရှိစေချိန်တွင်လည်းကောင်း၊ အမှတ်(၃၃/၃၄) အဆန်/အစုန် ရထားနေရာမှာ အမှတ် (၅၅/၅၆)၊ အမှတ်(၅၇/၅၈) အမြန်ရထားများကဲ့သို့ တွဲဆိုင်းဖွဲ့စည်းပုံ ပြောင်းလဲ၍ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ အိပ်စင်တွဲများကိုလည်း အမှတ်(၅၅/၅၆)၊ အမှတ် (၅၇/၅၈)နှင့် အမှတ်(၃၃/၃၄) ရထားများတွင် ပြောင်းလဲချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီမှာကျွန်တော်တို့က နိုင်ငံခြားမှလူစီးတွဲများ ဝယ်ယူရောက်ရှိချိန်တွင် လောလောဆယ် တရုတ်နိုင်ငံချေးငွေနဲ့ ကျွန်တော်တို့ အတွဲ(၂၁)စီးမှာထားတာရှိပါတယ်။ ၂၀၁၇ ခုနှစ်ပထမနှစ်ဝက် အတွင်းမှာ ရောက်ရှိလာရင် မြစ်ငယ်စက်ရုံမှာဆင်ပြီးတော့ ဒီတွဲတွေကို မန္တလေး-မြစ်ကြီးနားမှာ ထည့်ပြီးတော့ အသုံးပြုပြေးဆွဲဖို့ရှိပါတယ်။ ထို့အပြင်ကို ကိုရီးယား (ETC)ရဲ့ အထောက်အပံ့နဲ့ အတွဲ ပေါင်း ၁၀၀ ကိုလည်း အမေရိကန်ဒေါ်လာ ၄၅ သန်းတန်ဖိုးရှိတဲ့ တွဲပေါင်း ၁၀၀ ကို မှာယူထားပြီး ဖြစ်ပါတယ်။ ဒီတော့ ခုနက ကျွန်တော်တင်ပြထားတဲ့အတိုင်း အဲဒီ တွဲတွေရောက်လာတဲ့အခါကျရင် ဒီထဲကနေပြီးတော့ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ ဒီဟာကိုပြန်ပြီးတော့ ဖြည့်တင်းပြေးဆွဲမယ်ဆိုရင် ရထားစီးခရီးသွားပြည်သူတွေအတွက် ပိုမိုပြီးတော့ အဆင်ပြေသွားမှာဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများကြောင့် တံတားနှင့်လမ်းပိုင်းများ ချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့ရပြီး ရထားပြေးဆွဲချိန်များမှာ ယခင်ကထက် ပျမ်းမျှလေးနာရီခန့်ထိ ပိုမို ကြန့်ကြာခဲ့ရသည့်အတွက် လူစီးရထားဖျက်သိမ်းမှုမဖြစ်စေရေးအတွက်၊ ခရီးစဉ်ဖျက်သိမ်းမှုမဖြစ်စေ

ရေးအတွက် ရထားတွဲဆိုင်းများ  အရန်ထားရှိပြီး ပြေးဆွဲခဲ့ရပါတယ်။ တံတားနှင့် လမ်းပိုင်းများ ပြင်ဆင်ပြီးပါက မူလပြေးဆွဲချိန်များကို  ပြန်လည်လျှော့ချနိုင်မည်ဖြစ်ပြီး အရန်တွဲဆိုင်းများကိုလည်း လိုအပ်နေသော အခြားတွဲဆိုင်းများတွင် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဒါကို စောစောက ကျွန်တော်တင်ပြထားတဲ့အတိုင်း ဒီတွဲဆိုင်းတွေကို အရန်ထားတဲ့အတွက်ကို ကျွန်တော်တို့က ကျန်တဲ့တွဲတွေမှာ လိုအပ်ချက်တွေဖြစ်နေတာဖြစ်ပါတယ်။

သို့ဖြစ်၍ အကျိုးအားဖြင့် မန္တလေး-မြစ်ကြီးနား-မန္တလေးတောက်လျှောက် အမြန်ရထားတစ်စင်း ထပ်မံပြေးဆွဲခြင်းဖြင့် Line Capacity အရ လက်ခံနိုင်သော ရထားစင်းရေထက် ပိုမိုသွားမည်ဖြစ်၍ မြန်မာ့မီးရထားအနေဖြင့်  လက်ရှိအခြေအနေအရ  အမြန်ရထားတစ်စီးထပ်မံတိုးချဲ့ပြေးဆွဲပေးနိုင်သေးမည်မဟုတ်ပါကြောင်း ကျွန်တော်လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ မေးတဲ့မေးခွန်းဖြစ်တဲ့ မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်မှာ နောက်ထပ်မီးရထားခရီးစဉ်တစ်ခု ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းအပေါ်မှာ သတ်မှတ်ချိန်အတွင်း တိုတိုနှင့်ထိထိမိမိဖြေကြားပေးဖို့ လိုပါတယ်။ အခု ကျွန်တော်တို့ သတ်မှတ်ချိန်အတွင်း တိုတိုနှင့်ထိထိမိမိဖြေကြားပေးစေလိုပါတယ်။ အခုကျွန်တော်တို့ သတ်မှတ်ချိန်ကို သုံးချိန်ပေးထားပါတယ်။ သုံးချိန်စလုံး အပြည့်ကုန်ပါတယ်။ အဲဒီတော့ ကျန်တဲ့မေးခွန်းနှင့် အဖြေနှင့်လည်း သတ်မှတ်ချိန်အတွင်းမှာ ကျွန်တော်တို့မှာအစီအစဉ်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့မေးခွန်းပေါ်မှာဖြေပြီးတော့ ခုနကပြောတဲ့ မြစ်ငယ်တို့ ဘာတို့၊ မန္တလေး-မြစ်ကြီးနားမီးရထား လမ်းအပိုင်းနှင့်မဆိုင်တဲ့အပိုင်းတွေတော့  နောက်ကိုမေးတဲ့မေးခွန်းအပေါ်မှာပဲ  ထိထိမိမိဖြေကြားပေးစေလိုပါတယ်။

**ရမ်းပြဲမြို့နယ်တွင် ပါဝင်သော စကုကျွန်းနှင့် မကျေးကျွန်းတို့တွင် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင်တစ်ခုစီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ရမ်းပြဲမဲဆန္ဒနယ်မှ  ဦးကျော်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းပြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊  ပြည်ထောင်စုဝန်ကြီးများ၊  ဧည့်သည်တော်များ  အားလုံး မင်္ဂလာအပေါင်းနှင့်  ပြည့်စုံကြပါစေလို့  ဆုတောင်းမေတ္တာပို့သရင်း  နှုတ်ခွန်းဆက်သ  ဂါရဝပြု

အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်မှာ ပါဝင်တဲ့ စကုကျွန်းနှင့် မကျေးကျွန်းဒေသတွေမှာ တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင် တစ်ခုစီတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ဟာ ကျွန်းများနှင့်ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခုဖြစ်ပြီး ရမ်းဗြဲမြို့နယ်မှာ ရမ်းဗြဲကျွန်း၊ စကုကျွန်းနှင့် မကျေးကျွန်းတို့ ပါဝင်ကြပါတယ်။ စကုကျွန်းနှင့် မကျေးကျွန်းတို့မှာ ရမ်းဗြဲကျွန်းရဲ့ တောင်ဘက် ပင်လယ်ထဲမှာ သီးခြားစီတည်ရှိနေတဲ့ ပင်လယ်ကျွန်း များဖြစ်ကြပါတယ်။ စကုကျွန်းမှာ ကျေးရွာပေါင်း ခုနစ်ရွာပါဝင်ပြီး အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော် ရှိတဲ့ကျွန်းဖြစ်ပါတယ်။ မကျေးကျွန်းမှာ အိမ်ထောင်စုပေါင်း ၄၀၀ ကျော်ရှိပြီး ရွာသူရွာသားများ နေထိုင်တဲ့ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ စကုကျွန်းနှင့် မကျေးကျွန်း ကျွန်းသူကျွန်းသားတွေဟာ ဒေသသုံး စက်လှေငယ်များကို အသုံးပြုပြီးတော့ ရမ်းဗြဲမြို့၊ တောင်ကုတ်မြို့နှင့် မာန်အောင်မြို့များကို ရေကြောင်း ခရီးလမ်းကို အဓိကထားပြီး ဆက်သွယ်သွားလာနေကြရပါတယ်။ မိုးတွင်းရာသီမှာ မိုးသက်လေပြင်းကျ ပြီး ရာသီဥတုမကောင်းမွန်တဲ့အချိန်မှာ ရက်သတ္တပတ် တစ်ပတ်ခန့် မည်သည့်ဒေသကိုမှ ဆက်သွယ် သွားလာ၍မရတဲ့ အခြေအနေများ၊ မကြာခဏဖြစ်ပေါ်လေ့ရှိကြပါတယ်။ ယခုအခါမှာ ဆက်သွယ်ရေး ကောင်းမွန်လွယ်ကူတဲ့အတွက်ကြောင့် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် တင်စားခေါ်ဝေါ်နေကြတဲ့ Global Village ခေတ်ကြီးမှာ စကုကျွန်းနှင့် မကျေးကျွန်း ကျွန်းသူကျွန်းသားတွေဟာ တယ်လီဖုန်း ဆက်သွယ်၍မရတဲ့အတွက်ကြောင့် Global Village ရဲ့ ပြင်ပမှာရောက်ရှိနေသလို ဖြစ်နေကြပါတယ်။ ဒေသအသီးသီးနှင့် လူကိုယ်တိုင်ဆက်သွယ်မသွားရောက်နိုင်တဲ့အတွက်ကြောင့် အခက်အခဲများ ကြုံတွေ့ရပါတယ်။ သို့ပါသောကြောင့် စကုကျွန်း၊ မကျေးကျွန်းက ကျောင်းသူကျောင်းသားတွေဟာ ဒေသအသီးသီးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တယ်လီဖုန်းနှင့် ဆက်သွယ်နိုင် ရန်အတွက် စကုကျွန်းနှင့် မကျေးကျွန်းဒေသတွေမှာ တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင်တစ်ခုစီ တည်ဆောက်ပေးမှ အဆင်ပြေလာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ ရခိုင်ပြည်နယ်မှာ ပါဝင်တဲ့ ရမ်းဗြဲမြို့နယ်၊ စကုကျွန်းနှင့် မကျေးကျွန်းဒေသတွေမှာ တယ်လီဖုန်း

ဆက်သွယ်ရေးတာဝါတိုင်တစ်ခုစီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အစီအစဉ် မရှိပါက အဘယ်အတွက်ကြောင့်မရှိဖြစ်သည်ကို သိလိုပါတယ်။ ဆက်သွယ်ရန်အတွက် တယ်လီဖုန်း တာဝါတိုင်တည်ဆောက်ပေးမယ့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးသွားမည်ကို ဒေသနေပြည်သူများရဲ့ကိုယ်စား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၏ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ ရမ်းဗြဲ မြို့နယ်တွင်ပါဝင်သော စကုကျွန်းနှင့် မကျေးကျွန်းတို့တွင် တယ်လီဖုန်း ဆက်သွယ်ရေး တာဝါတိုင် တစ်ခုစီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် တည်ဆောက် ပေးသွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးမှ အောက်ပါအတိုင်း ဖြေကြားပါမယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုအရ ကျွန်တော်အချိန်ကို လေးစားသောအားဖြင့် ကျွန်တော်ပထမ ရှေ့ပိုင်းမှာ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်ထားမှု အခြေအနေတွေကို အတိုးချုံးပြီးတော့ပဲ တင်ပြပါ့မယ် ခင်ဗျား။ ရခိုင်ပြည်နယ်တစ်ခုလုံးအတွက်ကို GSM/UMTS မိုဘိုင်းဆက်သွယ်ရေးစခန်း စုစုပေါင်း ဒီဇင်ဘာလကုန်ခန့်မှာဆိုရင် ၆၅၉ ခုရှိလာမှာဖြစ်ပြီးတော့ နယ်မြေဧရိယာလွှမ်းခြုံနိုင်မှု ၇၀ ရာခိုင်နှုန်း နှင့် လူနေထိုင်မှု ဧရိယာလွှမ်းခြုံနိုင်မှု ၉၀ ရာခိုင်နှုန်းအထိ ရှိလာမှာဖြစ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရမ်းဗြဲကျွန်းပေါ်မှာလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ရမ်းဗြဲမိုက္ကရိုဝေ့ဗ်စခန်း GSM စခန်းတစ်ခု၊ ကျောက်နီမော်ကျေးရွာမှာ GSM စခန်းတစ်ခု၊ လေးတောင်ကျေးရွာမှာ GSM စခန်း တစ်ခု၊ ကုန်းဘောင်ကျေးရွာမှာ GSM စခန်းနှစ်ခု၊ သစ်ပုပ်တောင်ကျေးရွာမှာ GSM စခန်းတစ်ခုနှင့် ရပသင်ကျေးရွာမှာ GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်း ခုနစ်ခုကို ဖွင့်လှစ်ထားပြီး မိုဘိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုဘိုင်းစခန်းတည်ဆောက်တဲ့ နေရာမှာ Feasibility Study ပြုလုပ်ရန်အချက်များဖြစ်တဲ့ တာဝါတိုင်တည်ဆောက်ခြင်း၊ အဝေး

မူကြမ်း

ဆက်သွယ်ရေးဆက်ကြောင်းများချိတ်ဆက်ခြင်း၊ ရာသီဥတုအခြေအနေ၊ မြေပြင်အနေအထား၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေစသည်တို့အပေါ် မူတည်၍ ကွင်းဆင်းစစ်ဆေးပြီးမှသာ ဆောင်ရွက်တာဖြစ်ပါတယ်။ စကုကျွန်းဟာဆိုရင် အကျယ်အဝန်းဧရိယာ ၉.၅၄ စတုရန်းမိုင်၊ သေမုတ်ကျေးရွာအုပ်စုမှာ ကျေးရွာသုံးရွာနှင့် ရေကောင်းချောင်းကျေးရွာအုပ်စုမှာ ကျေးရွာငါးရွာရှိပြီးတော့ လူဦးရေ ၃၄၂၀ ဦး၊ အိမ်ခြေ ၈၁၇ အိမ်၊ အိမ်ထောင်စု ၈၅၈ စုရှိပြီး ရမ်းဗြဲမြို့မှ ရှစ်မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးအရ ရေလမ်းကိုသာ အသုံးပြုနိုင်ပြီး လျှပ်စစ်ဓာတ်အားလည်း မရရှိသေးပါ။ မကျေးကျွန်းအနေဖြင့်ကတော့ အကျယ်အဝန်းဧရိယာ ၅.၉၈ စတုရန်းမိုင်ရှိပြီးတော့ မကျေးကျေးရွာအုပ်စု ကျေးရွာနှစ်ရွာပါရှိပြီးတော့ လူဦးရေ ၁၂၀၀ ဦး၊ အိမ်ခြေ ၂၄၀ အိမ်၊ အိမ်ထောင်စု ၂၄၀ စုရှိပြီး ရမ်းဗြဲမြို့မှ ၁၀ မိုင်ခန့်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းကိုသာ အသုံးပြုနိုင်ပြီး လျှပ်စစ်ဓာတ်အားလည်း မရရှိသေးပါ။

သို့ဖြစ်ပါ၍ စကုကျွန်းနှင့် မကျေးကျွန်းတို့တွင် လူဦးရေနှင့် အိမ်ထောင်စုအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း၊ ပထဝီဝင်ရေမြေအနေအထားအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဆက်သွယ်ရေးတယ်လီဖုန်း တာဝါတိုင်တစ်တိုင်စီတည်ဆောက်ပေးရန်မှာ ဦးစားပေးအစီအစဉ်အရ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တို့တွင် ပါဝင်ခြင်းမရှိသော်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပဆက်သွယ်ရေးအော်ပရေတာတို့ကို ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ မျှဝေဆောင်ရွက်စေခြင်း(Infrastructure Sharing) သို့မဟုတ် နိုင်ငံတော်မှ ထည့်ဝင်ရန်ပုံငွေနှင့် အော်ပရေတာများမှ ထည့်ဝင်ရန်ပုံငွေ(Universal Service Fund)ရရှိမှုအခြေအနေပေါ် မူတည်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခန့်တွင် အဆိုပါ ကျွန်းနှစ်ကျွန်းတွင် ဆက်သွယ်မှုရရှိစေရန် စကုကျွန်း သို့မဟုတ် မကျေးကျွန်း၌ တာဝါတိုင်တစ်တိုင် တည်ဆောက်တပ်ဆင်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့အနေနဲ့ စောစောကတင်ပြတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီနောနဲ့ အူရီဒူး အခုလက်ရှိရှိတဲ့ အော်ပရေတာတွေအနေနဲ့ဆိုရင် တာဝါတိုင် ထောင်တယ်။ Fiber ကြိုးချတယ်။ မိုက္ကခရိုဝေ့ဗ်တိုင်ထောင်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ချင်းကနေ ကိုယ်အတွက်ပဲ လုပ်နေတာထက်စာရင် ကျွန်တော်တို့က အခုနကပြောတဲ့ မျှဝေခြင်း(Infrastructrue Sharing)လုပ်ခြင်းအားဖြင့် စရိတ်စကနည်းပြီး ပိုပြီးတော့ Public ကို ပိုရနိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ခါ Universal Service Fund ဆိုတာကတော့ စောစောပိုင်းကတင်ပြသွားတဲ့ လူနေဧရိယာ လွှမ်းခြုံမှုနဲ့ ပထဝီဝင်အနေအထားအရ လွှမ်းခြုံမှုနှစ်ခုအနက်မှာ ကျွန်တော်တို့က တချို့ဝေးလံခေါင်ပါးတဲ့ လူနေမှုနည်းပါးတဲ့နေရာကျတော့ ဒီအော်ပရေတာတွေအနေနဲ့က Coverage လုပ်ဖို့၊ တာဝါတိုင်တွေထောင်ဖို့က စီးပွားရေးအရ တွက်ခြေမကိုက်တဲ့အတွက် နိုင်ငံတော်အနေနဲ့ အခုနက Universal Service Fund ဆိုတာ ဒီအော်ပရေတာအားလုံးက နိုင်ငံတော်အပါအဝင် ရန်ပုံငွေထည့်ဝင်ပြီးတော့ ဒီထဲကနေပြီးမှ Subsidize လုပ်တဲ့သဘောမျိုးနဲ့ အခုနကပြောသလို ဝေးလံခေါင်ပါးတဲ့နေရာတွေ၊ လူနေနည်းတဲ့နေရာတွေ၊ Coverage ချပြီးတော့ ဆောင်ရွက်သွားမယ့်အခြေအနေမျိုးဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ရမ်းဗြဲမှာဆို ကျွန်တော်အခုနက တင်ပြထားတဲ့အတိုင်း တည်ဆောက်ထားတဲ့စခန်းတွေ တည်နေရာမှာ ခုနစ်ခု ရှိပါတယ်ခင်ဗျား။ အနောက်မှာ ကျွန်တော်မြေပုံလေးနဲ့ပြထားပါတယ်ခင်ဗျား။ မြေပုံလေးမှာဆိုရင်တော့ လက်ရှိရမ်းဗြဲကျွန်းမှာရှိတဲ့ တာဝါတိုင်ဆောက်ထားတဲ့ဆိုဒ်တွေရယ်၊ အနီရောင် လေးနဲ့ပြထားကတော့ မကျေးကျွန်းနှင့် စကုကျွန်းနေရာလေးကို ပြထားတာပါ။ စောစောက တင်ပြသွားတဲ့အတိုင်း အခုနကပြောသလို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်လောက်မှာတော့ အခုနကအစီအစဉ်တွေ အကောင်အထည်ဖော်နိုင်တဲ့အခြေအနေမှာဆိုရင်တော့ တည်ဆောက်ပေးသွားမှာဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရေဘေးအန္တရာယ်ကျရောက်နေတဲ့ဒေသများရှိ ပြည်သူများအားကူညီရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်တစ်ရက်စာကို ပေးလှူရန် လွှတ်တော်အနေနဲ့ စီစဉ်ချင်ပါတယ်။ ထိုသို့ပေးလှူရန် ကိုယ်စားလှယ်များအနေနဲ့ သဘောတူ/မတူ ဆန္ဒရယူပါ့မယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်များအနေနဲ့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ နေ့တွက်စရိတ်တစ်ရက်စာကို ရေဘေးအန္တရာယ်ကျရောက်နေတဲ့ဒေသများရှိ ပြည်သူများအား ပေးလှူသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၂-၈-၂၀၁၆ ရက်နေ့)မှာ တင်သွင်းတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၃၂ ဦးရှိပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ချိန်အတွင်း တိုတိုနှင့်လိုရင်းဆွေးနွေးပေးကြစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းတင်သွင်းသည့် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အတူ ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေတွင် အခန်း ၁၁ ခန်းပါရှိပြီး ပုဒ်မပေါင်း ၇၃ ခု ဖြင့် ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(က)တွင် အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကိုပြုလုပ်ရန် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော အခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်လျှင်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကိုဆိုသည်။ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)တွင် တံစိုးလက်ဆောင်ဆိုရာတွင် အဂတိလိုက်စားမှုအလို့ငှာ အဖိုးစားနားသို့မဟုတ် ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်းလက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်လည်းပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားရာ အဆိုပါပြဋ္ဌာန်းမှုအရတွင် အဂတိလိုက်စားမှုကို မပြုလုပ်စေရန် ကျယ်ပြန့်ရှင်းလင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဖွင့်ဆိုထားကြောင်း တွေ့ရပါတယ်။ ထို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်စေရန်၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ ပိုမိုပွင့်လင်းမြင်သာမှုရှိစေပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြဋ္ဌာန်းခဲ့သည်ကိုလည်း တွေ့ရပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိပ္ပာယ်ဖော်ပြချက်ကောင်းများနှင့် ရည်ရွယ်ချက်ကောင်းများရှိသည့် ဥပဒေများ ပြဋ္ဌာန်းထားရှိသော်လည်း ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သက်ဆိုင်ရာတာဝန်ရှိသူနှင့် သက်ဆိုင်ရာဌာနများမှ ထိုဥပဒေများကို လေးစားလိုက်နာမှုမရှိ၊ ဆောင်ရွက်ကြခြင်းမရှိလျှင် မည်သည့်ဥပဒေကောင်းများ လွှတ်တော်က ပြဋ္ဌာန်းစေကာမူ ထိရောက်အောင်မြင်မှုရှိမည် မဟုတ်ပါ။ ထို့အတွက် အဆိုရှင်က ယခုအဆိုဖြင့် ပြည်ထောင်စုအစိုးရကို တိုက်တွန်းရခြင်းဖြစ်ကြောင်းလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများကို သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြည့်ရန်နှင့်မရှိလျှင်ထိန်းကျောင်းပေးရန် တာဝန်ရှိကြပါတယ်။ အဂတိလိုက်စားမှုကြောင့် ပြည်သူများထိခိုက်နစ်နာနေသော သာဓကတစ်ခုကို တင်ပြရလျှင် ကျွန်တော်၏ထန်းတပင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှာပင် မှတ်ပုံတင်တစ်စောင် ၃၀၀၀၀ ကျပ်၊ သန်းခေါင်စာရင်းတစ်စောင်လျှင် မွေး/တိုး ၂၀၀၀၀ ကျပ်ဖြင့် ပုံမှန်ပေါက်ဈေးကဲ့သို့ အဂတိလိုက်စားကောက်ခံနေ၍ ပြည်သူများအခက်ကြုံလျက်ရှိပါတယ်။ အခြားဌာနများသည်လည်း အလားတူ အဂတိလိုက်စားမှုများကြောင့် ပြည်သူများစိတ်ဆင်းရဲကြီးစွာ ခံစားနေရပါတယ်။ ထို့အပြင် တခြားဌာန မြေစာရင်းကဲ့သို့သောဌာနများတွင်လည်း လယ်သိမ်း၊ ယာသိမ်းကိစ္စများ၊ အစိုးရမှထောက်ပံ့သည့် ထောက်ပံ့ကြေးများကို လယ်သမားကြီးများရသင့်ရထိုက်၍မရဘဲ အဂတိလိုက်စားခံရမှုကြောင့် ဒုက္ခပင်လယ်ဝေနေရပါတယ်။ ကျွန်တော်တို့ထန်းတပင်မြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေးအဆင့်ရှိသောပုဂ္ဂိုလ်သည်ပင် ကြီးမားသည့်နေအိမ်၊ နောက်ဆုံးပေါ်ဇိမ်ခံကား လေးစီး၊ မြေကွက်မြောက်မြားစွာ ပိုင်ဆိုင်လျက်ရှိသည်ကို တွေ့ခြင်းအားဖြင့် မြန်မာပြည်တစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုများမည်မျှများပြားနေသည်ကို ခန့်မှန်းသိရှိနိုင်ပါတယ်။ ထိုကဲ့သို့ အဂတိလိုက်စားသူများအား ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ဆောင်ရွက်ရန်တာဝန်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှပင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပြီး အဂတိလိုက်စားမှုကော်မရှင်အား ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ

အား ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်၍ ခံစားခွင့်၊ ချီးမြှင့်ငွေစရိတ်များ ပေးခဲ့ပါတယ်။ ထိုရာထူး၊ တာဝန်၊ ခံစားခွင့်၊ လုပ်ပိုင်ခွင့်ပေးအပ်ခဲ့သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် လျှော့ပါးအောင်ဆောင်ရွက်ခဲ့ခြင်း မတွေ့ရပါ။ ပုဒ်မ ၈ ပုဒ်မခွဲ(က)တွင်လည်း ကော်မရှင်နှင့် ကော်မရှင်၏သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏သက်တမ်းဟု ဖော်ပြထားရာ ပြည်သူ့အစိုးရလက်ထက်တွင် ပြည်သူအား အလုပ်အကျွေးပြုမည့် ဥပဒေပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးနိုင်မည့် အဂတိလိုက်စားမှု သိသာထင်ရှားလာအောင်၊ လျှော့ပါးအောင် ဆောင်ရွက်ပေးမည့်ကော်မရှင်တစ်ရပ် အမြန်ဆုံးလိုအပ်နေပါကြောင်း တင်ပြရင်း အဆိုရှင် ဒေါက်တာသန်းဝင်း၏အဆိုအား လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်ကျိုးစီးပွားကို အခြေခံပြီးဆုံးဖြတ်တဲ့ ဆန္ဒာဂတိ၊ မကျေနပ်မှုတွေ၊ စိတ်ဆိုးဒေါသထွက်မှုတွေအခြေခံပြီးဆုံးဖြတ်တဲ့ ဒေါသာဂတိ၊ ကြောက်ရွံ့မှုကို အခြေခံပြီးဆုံးဖြတ်တဲ့ ဘယာဂတိ၊ မသိနားမလည်မှု၊ တွေဝေမိုက်မဲမှုကို အခြေခံပြီးဆုံးဖြတ်တဲ့ မောဟာဂတိ အဲဒီအဂတိတရားလေးပါးဟာ လူကိုပျက်စီးစေပါတယ်။ အဲဒီအဂတိတရားလေးပါးကြောင့် ပျက်စီးတဲ့လူသားတွေများလာရင် လောကကြီးပျက်စီးပါတယ်။ အဲဒီအဂတိတရားလေးပါးထဲက ဆန္ဒာဂတိနှင့်မောဟာဂတိ နှစ်ပါးက အခြေခံပြီးဖြစ်ပေါ်လာတဲ့ အကျင့်ပျက်ခြစားမှု၊ အဲဒီအကျင့်ပျက်ခြစားမှုက နိုင်ငံတွေကို ပျက်စီးစေပါတယ်။ အဲဒီအကျင့်ပျက်ခြစားမှုကြောင့် ပျက်စီးတဲ့နိုင်ငံတွေများလာရင် ကမ္ဘာကြီးပျက်စီးပါတယ်။ ဒါကြောင့်မို့လို့ ဒီအဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုကို ကိုယ်တိုင်လည်းမလုပ်ဘူး။ အခြားသူတွေမလုပ်နိုင်အောင်လည်း ကြိုးပမ်းကာကွယ်တားဆီးတာဟာ လောကကြီးကို စောင့်ရှောက်တာဖြစ်ပါတယ်။ နိုင်ငံတွေကို စောင့်ရှောက်တာဖြစ်ပါတယ်။ Transparency International ခေါ်တဲ့ ပွင့်လင်းမြင်သာနိုင်ငံတကာအဖွဲ့ရဲ့ နှစ်စဉ်ထွက်ပေါ်နေတဲ့ အစီရင်ခံစာတွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ အဂတိလိုက်စားမှုအများဆုံးနိုင်ငံတွေရယ်၊ အဂတိလိုက်စားမှုအနည်းဆုံးနိုင်ငံတွေ စာရင်းကို လေ့လာကြည့်လို့ရပါတယ်။ အဲဒီမှာ အဂတိလိုက်စားမှုအများဆုံးနိုင်ငံတွေကတော့ ဘယ်နိုင်ငံတွေလည်းဆိုရင်

အာဏာရှင်စနစ်ထွန်းကားပျံ့ပွားတဲ့နိုင်ငံတွေဖြစ်တာကို တွေ့ရပါတယ်။ အဂတိလိုက်စားမှုအနည်းဆုံး နိုင်ငံတွေကတော့ ဒီမိုကရေစီစနစ်ထွန်းကားပျံ့ပွားတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တို့က ဒီအဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုကို မဟာဗျူဟာ၊ နည်းဗျူဟာတွေဆွဲပြီးတော့ တိုက်ဖျက် ချေမှုန်းရမှာဖြစ်ပါတယ်။

အဲဒီတော့ ဒီအကျင့်ပျက်ခြစားမှုရဲ့ ဇာတ်လမ်းကို ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ သူရဲ့ Root Causes လို့ခေါ်တဲ့ အခြေခံအကြောင်းအရင်းတွေကို တိုက်ဖျက်ဖို့လိုအပ်ပါတယ်။ အခြေခံ အကြောင်းရင်းတွေကို ရှာဖွေနိုင်ဖို့လိုပါတယ်။ အဲဒီတော့ အခုနက ကျွန်တော့်ရဲ့အဆိုအရ အကျင့်ပျက် ခြစားမှုအဆိုးရွားဆုံးဖြစ်တဲ့နိုင်ငံတွေဟာ အာဏာရှင်စနစ်ထွန်းကားတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ Root Causes ကို တိုက်ဖျက်ချေမှုန်းဖို့ဆိုလို့ရှိရင် ဒီအာဏာရှင်စနစ်က ဘယ်က လာသလဲဆိုတာကို ပြန်ကြည့်ရပါမယ်။ အာဏာရှင်စနစ်က ပြည်တွင်းစစ်ကနေ မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်က ဘယ်ကနေ မွေးဖွားပေးလိုက်လဲဆိုရင် အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲမှု ကနေပြီးတော့ မွေးဖွားပေးလိုက်တာဖြစ်ပါတယ်။ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲမှုကို ဘယ်သူကမွေးဖွားလိုက်လဲဆိုရင် လွတ်လပ်မှု၊ မျှတမှုနှင့် တရားမျှတမှု ကင်းမဲ့ခြင်းကနေပြီးတော့ မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီအကျင့်ပျက်ခြစားမှုရဲ့ Root Causes ဖြစ်တဲ့ အာဏာရှင်စနစ်ကို တိုက်ဖျက်ဖို့ဆိုရင် လွတ်လပ်မှု၊ ညီမျှမှုနှင့် တရားမျှတမှုကို အခြေခံတဲ့အခြေခံဥပဒေကြီးတစ်ရပ် ပေါ်ထွန်းလာဖို့ လိုအပ်ပါတယ်။ အဲဒီ အခြေခံဥပဒေကြီးပေါ် ထွန်းလာဖို့ဆိုရင် ပြည်သူအားလုံး၊ အလွှာအားလုံးရဲ့ ကိုယ်စားလှယ်တွေပါဝင်တဲ့ ညီလာခံကြီးတစ်ခုကို စီစဉ်ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီညီလာခံကြီးမှတစ်ဆင့် လွတ်လပ်မှု၊ မျှတမှုနှင့် တရားမျှတမှုတို့ကို အာမခံတဲ့အခြေခံဥပဒေကြီးတစ်ရပ်ကို ပေါ်ထွန်းလာအောင် ရေးဆွဲကြရမှာဖြစ်ပါတယ်။ ဒါကတော့ မဟာဗျူဟာဖြစ်ပါတယ်။

နည်းဗျူဟာအနေနဲ့ဆိုရင်တော့ ဒီအကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့အတွက် ဓမ္မစက်၊ အာဏာ စက်နှင့် သုံးပြီးတော့ ကျင့်သုံးသွားရမှာဖြစ်ပါတယ်။ ဓမ္မစက်ကတော့ စာရေးဆရာတွေ၊ ဘာသာရေး ဆိုင်ရာပုဂ္ဂိုလ်တွေကနေပြီးတော့ အကျင့်ပျက်ခြစားမှုက အကုသိုလ်တစ်ခုဖြစ်တဲ့ စက်ဆုပ်ရွံ့ရှာစရာ တစ်ခုဖြစ်တယ်ဆိုတာကို ရေးသားဖြန့်ဖြူးကြဖို့ဖြစ်ပါတယ်။ အာဏာစက်ကတော့ ဥပဒေတွေပြဋ္ဌာန်းပြီး တော့ ထိထိရောက်ရောက်ကိုင်တွယ်အရေးယူဖို့လိုပါတယ်။ ဒီလိုနေရာမှာ သန့်ရှင်းတဲ့အစိုးရ(Clean

Government)တစ်ခု ပေါ်ထွန်းလာဖို့ လိုအပ်ပါတယ်။ Clean Government ပေါ်ထွန်းလာဖို့အတွက် Clean Leader တွေ၊ သန့်ရှင်းတဲ့ခေါင်းဆောင်တွေ ပေါ်ထွန်းလာဖို့ လိုပါတယ်။ သန့်ရှင်းတဲ့ခေါင်းဆောင်တွေဖြစ်ဖို့အတွက် သန့်ရှင်းတဲ့နိုင်ငံရေးဝန်းကျင်ကြီးတစ်ခုကို ဖန်တီးနိုင်ဖို့လိုပါတယ်။ သန့်ရှင်းတဲ့နိုင်ငံရေးဝန်းကျင်ဆိုတာကတော့ ဒီမိုကရေစီစနစ်ထွန်းကား ပျံ့ပွားတဲ့ဝန်းကျင်ပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဒီမိုကရေစီထွန်းကားဖို့ဆိုတာက အားလုံးမှာ တာဝန်ရှိပါတယ်။ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူတွေ၊ CSO တွေ၊ NGO တွေ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တွေအားလုံးကနေပြီးတော့ စုပေါင်းပြီးတော့ထူထောင်မှသာလျှင် ဒီသန့်ရှင်းတဲ့ပတ်ဝန်းကျင်ကြီး ဖြစ်လာမယ်။ အဲဒီတော့မှ သန့်ရှင်းတဲ့ နိုင်ငံရေးစနစ်ဖြစ်လာမယ်။ သန့်ရှင်းတဲ့နိုင်ငံရေးခေါင်းဆောင်တွေ ရရှိလာမှာဖြစ်ပါတယ်။ ဒီနေရာမှာ သန့်ရှင်းတဲ့ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့တဲ့ သမိုင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့စကားလေးတစ်ခုကို ကျွန်တော် ဒီနေရာမှာ မျှဝေချင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက သူဝန်ကြီးချုပ်ဖြစ်လာတဲ့အချိန်မှာ ကျွန်တော်ဒီဝန်ကြီးချုပ်မဖြစ်ခင်မှာရှိတဲ့ ကျွန်တော်ရဲ့ စည်းစိမ်ဥစ္စာတွေကို သေချာလေ့လာပြီးတော့ သုံးသပ်ထားပါ။ သေချာစိစစ်ထားပါ။ အဲဒီတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဘဝကနေ ပြန်ဆင်းသွားတဲ့အခါမှာ နဂိုရှိတဲ့စည်းစိမ်ဥစ္စာထက် တစ်ကျပ်ပိုရင် ကျွန်တော့်ကိုသူခိုးလို့ စွပ်စွဲပါဆိုပြီးတော့ အဲဒီလို ပြတ်ပြတ်သားသားပြောဆိုခဲ့ပါတယ်။ ပြတ်ပြတ်သားသားပြောဆိုတဲ့အတိုင်းလည်း စစ်ဆေးခံနိုင်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ပါတယ်။ ဒီလို ခေါင်းဆောင်တွေပေါ်ထွန်းလာဖို့ နိုင်ငံရေးဝန်းကျင်ကြီးတစ်ခုကို ဖန်တီးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမဟာဗျူဟာ၊ နည်းဗျူဟာတွေနဲ့ စနစ်တကျချိန်ဆပြီးတော့ သေချာအကွက်ကျ စီစဉ်လိုက်မယ်၊ တိုက်ဖျက်လိုက်မယ်ဆိုလို့ရှိရင်တော့ ဒီအကျင့်ပျက်ခြစားမှုကို သုညရာခိုင်နှုန်းအထိ မတိုက်ဖျက်နိုင်ဘူးဆိုရင်တောင် ထိထိရောက်ရောက်တိုက်ဖျက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်စွာ ပြောဆိုရင်းနှင့် မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစိုးရသစ်ကို စိန်ခေါ်မယ့်အကြောင်းအရာတစ်ခုကတော့ အဂတိလိုက်စားမှုပြဿနာလို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတွေကို အနှောင့်အယှက်အပေးနိုင်ဆုံး၊ အစိုးရကို ဂုဏ်သိက္ခာအကျဆင်းစေနိုင်ဆုံး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ဘက်ပေါင်းစုံကိုထိခိုက်စေတဲ့အရာဟာ အဂတိလိုက်စားမှုပဲလို့ထင်ပါတယ်။ ကျွန်တော်တို့ အတွေးအခေါ်ပညာရှင် အဲလက်ဇီဒန်နီဆောကဆိုထားပါတယ်။ လူသားမှာ ဖယ်ခွာလို့မရအောင် စွဲကပ်နေတဲ့ အကျင့်ပျက်ခြစားခြင်းဟာ အကောင်းဆုံးစနစ်ကို ဖြိုချနိုင်တယ်လို့ဆိုထားပါတယ်။ လုံးဝမှန်ကန်တဲ့ အဆိုလို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းပြည်တစ်ခုဟာ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးနေသည်ဖြစ်စေ အဲဒီတိုင်းပြည်ကလူတွေဟာ ကိုယ်ကျင့်သိက္ခာတွေ ပျက်စီးကြမယ်၊ အကျင့်ပျက်ခြစားကြမယ်ဆိုရင်တော့ ဒီတိုင်းပြည်ဟာ ဘယ်လိုမှရှေ့ကိုမတိုးနိုင်ဘဲနဲ့ ဆင်းရဲဒုက္ခတွေနဲ့၊ ဆင်းရဲဒုက္ခမှုအတိနဲ့ ကြုံတွေ့ရမယ်ဆိုတာ ကျွန်တော်တို့နိုင်ငံက သက်သေဖြစ်မယ်တယ်လို့ထင်ပါတယ်။ အကျင့်ပျက်ခြစားမှုမြင့်မားတဲ့နိုင်ငံများမှာ ၎င်းရဲ့ဆိုးကျိုးသက်ရောက်မှုတွေကို ကဏ္ဍအတော်များများမှာ ခံစားရပါတယ်။ အကျင့်ပျက်ခြစားမှုကြောင့် စီးပွားရေးလုပ်ငန်းတွေ အခွန်ရှောင်နိုင်ကြတယ်။ တရားဝင်မဟုတ်တဲ့ ကုန်သွယ်မှုလုပ်ငန်းတွေနဲ့ မှောင်ခိုစီးပွားရေးလုပ်ငန်းတွေ အားကောင်းလာတယ်။ လောင်းကစားတွေလည်းပေါများလာပါတယ်။ နောက်တစ်ခုတင်ပြချင်ပါတယ်။ နိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)ဟာ အလွန်ကိုအရေးပါပါတယ်။ ဒါပေမဲ့ ရှုပ်ထွေးပြီး အဆင့်များစွာဖြတ်သန်းနေရတဲ့ အစိုးရဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ အကျင့်ပျက် ခြစားမှုတွေဟာ FDI ကို တားဆီးနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တိုင်းပြည်အတွက် အမှန် တကယ်လိုအပ်နေတဲ့ စက်မှုနည်းပညာတို့၊ အရင်းအနှီးတို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေကို အမှန်တကယ်ဖော်ဆောင်ပေးမယ့် FDI တွေ ဝင်ရောက်မလာဘဲနဲ့ ဆူလွယ်နပ်လွယ်ဖြစ်တဲ့ ရေနံ သဘာဝဓာတ်ငွေ့နဲ့ သယံဇာတထုတ်ယူရောင်းချတဲ့ လုပ်ငန်းမျိုးတွေမှာသာ ဝင်ရောက်လုပ်ကိုင်နေကြတယ်ဆိုတာ ဝမ်းနည်းစွာမြင်တွေ့ရပါတယ်။

နောက်တစ်ခုကတော့ အကျင့်ပျက်ခြစားမှုကြောင့် နိုင်ငံသားများအကြားမှာ ဝင်ငွေခွဲဝေဖြန့်ဖြူးမှုတွေ မညီမမျှဖြစ်လာတယ်။ ဆင်းရဲချမ်းသာကွာဟမှုတွေ ပိုမိုများပြားလာပါတယ်။ အဲဒီအခါမှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာတွေဖြစ်လာပြီးတော့ အစိုးရဟာ ပြည်သူလူထုရဲ့ မကျေမနပ်ပေါက်ကွဲမှုတွေနဲ့ ရင်ဆိုင်လာရတတ်ပါတယ်။ အကျင့်ပျက်ချစားမှုနှင့်ပတ်သက်ရင် တချို့ကပြောကြပါ

တယ်။ လစာဝင်ငွေနည်းလို့ဖြစ်ရတယ်။ အူမတောင့်မှ သီလစောင့်နိုင်မယ်။ သီလစောင့်ဖို့အတွက် အူမတောင့်အောင်လုပ်ပေးရမယ်ဆိုတဲ့ အမြင်တွေလည်းရှိပါတယ်။ ဒီအချက်ကို ကျွန်တော်မငြင်းလို ပေမယ့် အူမတောင့်တိုင်းလည်း သီလစောင့်ချင်မှစောင့်မှာပါ။ စောင့်မယ်လို့ပြောလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ အလွဲသုံးစားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေဟာ လစာနည်းခြင်း၊ များခြင်းနှင့် အမြဲတစေဆက်စပ်နေတာမဟုတ်ဘူးလို့ထင်ပါတယ်။ လာဘ်ပေးလာဘ်ယူလုပ်လို့ရတဲ့ အခြေအနေ တွေအောက်မှာ လူ့ရဲ့လောဘဖြစ်တဲ့ ရလေလိုလေ အိုတဏ္ဍှာစိတ်ကြောင့် ဖြစ်တယ်လို့ထင်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှုကို တွန်းအားပေးနေတဲ့အခြေအနေများကို တင်ပြချင်ပါတယ်။ အစိုးရလုပ်ငန်းတွေမှာ ရှုပ်ထွေးလွန်းတဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ စည်းကမ်းဘောင်တွေ မလိုအပ်ဘဲ အဆင့်ဆင့်များပြားနေပါတယ်။ ကျွန်တော်တို့ ကြိုးနီစနစ်လို့ခေါ်ပါတယ်။ ထိုရှုပ်ထွေးလှတဲ့ လုပ်ထုံးလုပ်နည်းတွေကို လိုအပ်သလိုပြင်ဆင်နိုင်ခွင့် အခွင့်အာဏာတွေကိုလည်း သက်ဆိုင်ရာ အာဏာပိုင်များကို အပ်နှင်းထားပါတယ်။ တစ်ခါ သက်ဆိုင်ရာအာဏာပိုင်တွေကို ထောက်ပြ ဝေဖန်မယ့် မီဒီယာတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ အားမကောင်းခြင်းနဲ့ တရားဥပဒေစိုးမိုးခြင်း တွေအားနည်းနေတယ်။ နောက်တစ်ခုက ဒီအဂတိတိုက်ဖျက်ရေးကို အစိုးရကစိတ်ပါလက်ပါ မရှိတာပါပဲ။ ဒါကြောင့် အစိုးရအနေနဲ့ အဂတိလိုက်စားမှုကို အမှန်တကယ်တိုက်ဖျက်ချင်တယ် ဆိုရင်တော့ ဒီအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကိုတော့ စိတ်ပါလက်ပါရှိဖို့လိုပါတယ်။ အကျင့်ပျက် ချစားမှုကို ရှင်သန်စေနိုင်တဲ့ ရေခံမြေခံတွေကိုလည်း ဖြုတ်တောက်ပစ်ဖို့လိုပါတယ်။ အစိုးရရဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ မလိုအပ်တဲ့အခါ အမိန့်ညွှန်ကြားချက်တွေကိုလည်း ပြန်လည် သုံးသပ်ပြင်ဆင်ဖို့လိုပါတယ်။ လိုအပ်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အတတ်နိုင်ဆုံး ကျစ်လျစ်အောင်ပြင်ဆင်သင့်ပါတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ တစ်ဦးချင်းဆုံးဖြတ်ခွင့် အခွင့်အာဏာတွေကိုလည်း ကျဉ်းမြောင်းအောင်လုပ်ဖို့လိုပါတယ်။ ဝန်ထမ်းတွေကိုလည်း ပင်စင်မယူ ခင်ရော၊ ပင်စင်ယူပြီးသည့်ထိရော ထိုက်သင့်တဲ့ထောက်ပံ့မှုတွေ ပေးဖို့လိုပါတယ်။ မီဒီယာ တွေကိုလည်း လွတ်လပ်စွာသတင်းရယူခွင့်နှင့် အစိုးရအရာရှိတွေရဲ့ မသမာမှုတွေ၊ အလွဲသုံးစားမှု တွေကို တာဝန်ခံမှုရှိတဲ့ သတင်းဖော်ပြမှုကို အားပေးရပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာပြည် လူ့အဖွဲ့အစည်းမှာ ကင်ဆာရောဂါလို ကာလရှည်ကြာစွာ စွဲကပ်နေတဲ့ ဒီရောဂါကြီးကို ကုရာနတ္ထိ ဆေးမရှိသလိုတောင်ထင်ရပါတယ်။ ဒါပေမဲ့ လုံးဝပျောက်ကင်းဖို့မဖြစ်နိုင်ပေမယ့် အနာသိဆေးရှိဆိုတဲ့

စကားအတိုင်းပဲ ရသင့်သလောက်ကုဖို့ အစိုးရကိုတိုက်တွန်းရင်း ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂-၈-၂၀၁၆ ရက်နေ့က တင်သွင်းခဲ့တဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ တို့ ဒီ Slide မှာဖော်ပြထားသလိုပါပဲ။ ကျွန်မတို့ရဲ့တိုင်းပြည်ဟာ လက်ရှိအခြေအနေမှာ အသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ကာလမှာ ရှေ့ကဦးဆောင်နေသူတွေက မည်မျှပင်ပြုပြင်ပြောင်းလဲရေးကို အားစိုက်ဆောင်ရွက်နေပါစေ နောက်ကွယ်က ယန္တရားထဲမှာ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုတွေ အားကောင်းမောင်းသန်ဆက်ဖြစ်နေဦးမယ်ဆိုရင် အသွင်ကူးပြောင်းရေးဟာ အဟောသိကံဖြစ်သွားဖို့ရာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ အချက်သုံးချက်ကို ဆွေးနွေးချင်ပါတယ်။ (၁)အချက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဘာကြောင့်အရေးကြီးရသလဲဆိုတာကို ပထမဦးဆုံးဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ Slide မှာပြထားသလိုပါပဲ။ ပြည်သူရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရခေါင်းဆောင်များဟာ ရှေ့ကမည်မျှပင်ဦးဆောင်ပြီး ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေပါစေ အဂတိလိုက်စားမှုများကို မလျှော့ချနိုင်ဘူးဆိုရင် အချိန်ကြာလာတာနှင့်အမျှ အစိုးရကိုပြည်သူလူထုက ယုံကြည်မှုကျဆင်းလာတာမျိုး ဖြစ်နိုင်ပါတယ်။ ယုံကြည်မှုမရှိတာနဲ့ ဒီမိုကရေစီရဲ့အခြေခံဖြစ်တဲ့ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုဟာလည်း ထိခိုက်လာမှာအမှန်ပါပဲ။ နောက်တစ်ချက်က အဂတိလိုက်စားမှုတွေကြောင့် အများပြည်သူပိုင်ဥစ္စာအရင်းအမြစ်တွေကိုလည်း ဆုံးရှုံးစေပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူအမှုတွေ ကျော်စောနေတဲ့တိုင်းပြည်တစ်ပြည်ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ထင်သလောက်စွဲဆောင်နိုင်မှာမဟုတ်ပါဘူး။ အခုလို ပြည်တွင်းရော၊ ပြည်ပရော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကပါ အစိုးရသစ်ရဲ့စွမ်းဆောင်ရည်နဲ့မူဝါဒတွေကို စောင့်ကြည့်နေတဲ့ကာလမျိုးမှာ အဂတိလိုက်စားမှုကိုလျှော့ချနိုင်တာနဲ့အမျှ သွက်လက်မြန်ဆန်ပြီး

ထိရောက်တဲ့အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်နိုင်ပြီးတော့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကိုလည်း စွဲဆောင်နိုင်မှာဖြစ်ပါတယ်။ နောက်ထပ် အဂတိလိုက်စားမှုက တိုက်စားပစ်လိုက်တဲ့အချက်ကတော့ တရားမျှတမှုဆိုတဲ့အရည်အသွေးပဲဖြစ်ပါတယ်။ လူနည်းစုအကျိုးစီးပွားအတွက် လူများစုရဲ့အချိန်နဲ့ တိုင်းပြည်ရဲ့ ဘုံအကျိုးစီးပွားတွေ၊ ယုတ်လျော့ပျက်စီးစေပါတယ်။ ဒါကြောင့်လည်း တရားမျှတမှုအရည်အသွေးကိုထိခိုက်ပြီး ရည်ရွယ်မှာ ဒီမိုကရေစီရဲ့အရည်အသွေးနှင့် အသွင်ကူးပြောင်းရေးတွေကို အတားအဆီးဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအချက်အနေနဲ့ အဂတိလိုက်စားမှုကိုဖြစ်စေနိုင်တဲ့ အကြောင်းအရင်းတွေထဲက တချို့ကိုဆက်လက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ အဂတိလိုက်စားမှုကိုဖြစ်စေနိုင်တဲ့ အခြေအနေများစွာရှိတဲ့အထဲက ဖော်ပြပါအချက်တွေကို အလေးထားပြီးတော့ ဆွေးနွေးသွားပါမယ်။ အဂတိလိုက်စားမှုကိုဖြစ်စေနိုင်တဲ့ အဓိကအခြေအနေတွေထဲမှာ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများမရှိခြင်း၊ ရှိသော်လည်း ၎င်းမူဝါဒများမှာ ရှင်းလင်းမှုမရှိခြင်း ဒါမှမဟုတ် ကောင်းမွန်တဲ့မူဝါဒ ရှင်းရှင်းလင်းလင်း ရှိပါသော်လည်း လုံလောက်တဲ့ကျင့်သုံးမှုမရှိတဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ နောက်တစ်ချက်က အဂတိလိုက်စားမှုကို ကျူးလွန်ခွင့်ပေးထားတဲ့အခြေအနေမျိုးပါ။ သက်ဆိုင်ရာအများပြည်သူနဲ့ ဆက်ဆိုင်တဲ့ဝန်ထမ်းတွေကို လုံလောက်တဲ့လေ့ကျင့်ပဲ့ပြင်ထိန်းကျောင်းမှုမရှိဘဲ လျစ်လျူရှုထားတဲ့အခြေအနေမျိုးဟာလည်း အဂတိလိုက်စားမှုကို ခွင့်ပြုထားသလိုဖြစ်စေပါတယ်။ နောက်တစ်ချက်က တဖြည်းဖြည်းနဲ့ အဂတိလိုက်စားမှုဟာ လူအများအတွက်မထူးဆန်းသလို ထမင်းစားရေသောက် အခြေအနေမျိုးဆိုက်လာပြီး ကျင့်ဝတ်ဆိုင်ရာနှုန်းစံတန်ဖိုးများယိုယွင်းလာတဲ့ အခြေအနေပဲဖြစ်ပါတယ်။ အဲဒီအခြေအနေတွေဟာ ဂျအေး သူ့အမေရိုက်ဆိုသလို အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးသံသရာကိုလည်း လွယ်စေတဲ့အခြေအနေတွေဖြစ်စေပါတယ်။ အဂတိလိုက်စားမှုလျော့ကျဖို့အတွက်ဆိုရင် အထက်ဖော်ပြပါအခြေအနေတွေကို ဖြစ်စေတဲ့အကြောင်းအရင်းတွေကို လျှော့ချဖို့၊ ပြင်ဆင်ဖို့ လိုအပ်ပါမယ်။ ဒါမှသာ ခိုင်မာအားကောင်းတဲ့စနစ်ဖြင့် မောင်းနှင်တဲ့ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများဖြင့် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်နိုင်ပြီးတော့ ကျွဲကူးရေပါဆိုသလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့အတူ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုတွေဟာလည်း လျော့ကျစေနိုင်မှာဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ကျွန်မတို့ ဒီ Slide မှာပြထားသလိုပါပဲ။ ဒီလိုအခြေအနေမျိုးမှာပဲ ကျွန်မတို့သံသရာလည်နေမှာ

ဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဆောင်ပုဒ်သက်သက်၊ ကြွေးကြော်သံ သက်သက်မဟုတ်ဘဲ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကို လက်တွေ့စနစ်ကျတဲ့အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း ဒေါက်တာသန်းဝင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မ ကတော့ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်း လျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရ သို့ တိုက်တွန်းကြောင်းအဆိုကို အချက်သုံးချက်နှင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နံပါတ်(၁) အချက်အနေနဲ့ အဂတိလိုက်စားမှုဟာ မြန်မာ့လူ့အဖွဲ့အစည်းမှာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေပြီး အလွန်တရာရှုပ်ထွေးတဲ့ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် ဆေးမြီးတိုနဲ့ကုစားလို့မရဘဲ ရေတိုရေရှည် မဟာဗျူဟာများချမှတ်ပြီး စနစ်တကျကိုင်တွယ်ဖြေရှင်းရမှာဖြစ်တဲ့အကြောင်း ဆွေးနွေးလိုပါတယ်။ အဂတိလိုက်စားမှုဆိုတဲ့ပြဿနာရဲ့နောက်ကွယ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုတဲ့ အစိတ်အပိုင်းတွေပါဝင်နေပြီး လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့တန်ဖိုးထားမှု မှားယွင်းနေ တဲ့အပေါ်မှာ မှားယွင်းတဲ့လုပ်ဆောင်မှုတွေနဲ့ ကျွန်မတို့ လူ့အသိုင်းအဝိုင်းမှာ အရိုးစွဲနေတဲ့ယဉ်ကျေးမှု အဖြစ် ခိုင်ခိုင်မာမာရှိနေတာကို စိတ်မကောင်းစရာတွေ့ရှိနေရပါတယ်။ အဂတိလိုက်စားမှုမြင့်မားနေ ခြင်းဟာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို အယုံအကြည်ကင်းမဲ့စေတာကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို နှောင့်နှေးစေပြီး နိုင်ငံသားအချင်းချင်းကြားမှာလည်း ဝင်ငွေကွာဟမှုတွေ များစေတာ ကြောင့် လူမှုရေးမတည်ငြိမ်မှုကိုလည်း ဖြစ်စေနိုင်ပါတယ်။ အဂတိလိုက်စားမှုဆိုတဲ့ မှားယွင်းတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို အဂတိကင်းစင်တဲ့လုပ်ဆောင်ချက်တွေနဲ့ အစားထိုးဖို့ ပထမဦးဆုံးလိုအပ်ချက်

ကတော့ အဂတိတရားအမှန်တကယ်ကင်းစင်လိုတဲ့အစိုးရတစ်ရပ်ဖြစ်တည်ခြင်းနှင့် ထိရောက်စွာ ဦးဆောင်မှုပေးခြင်းပဲ ဖြစ်ပါတယ်ရှင့်။

နံပါတ်(၂)အချက်အနေနဲ့ မြန်မာနိုင်ငံဟာ United Nations Convention on Anti-correction(UNCAC) လို့ခေါ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအကျင့်ပျက်ခြစားတိုက်ဖျက်ရေးပဋိညာဉ်စာတမ်းကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ UNCAC မှာ တစ်နိုင်ငံချင်းအလိုက် အဂတိလိုက်စားမှုကြိုတင်ကာကွယ်တဲ့အစီအမံများ ထားရှိမှု၊ အဂတိနှိမ်နင်းရေးနှင့်ဆိုင်တဲ့ဥပဒေများ ပြည့်စုံမှုနှင့်အသက်ဝင်မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ ပိုင်ဆိုင်မှုများ ပြန်လည်ရယူခြင်း နည်းပညာအထောက်အပံ့ပေးမှုနှင့် သတင်းအချက်အလက်များဖလှယ်ခြင်းတို့ ပါဝင်ပါတယ်။ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဒေသပြင်ပဘရှန်တီနိုင်ငံတွေနဲ့ အတူ ကုလသမဂ္ဂရဲ့နည်းပညာအကူအညီတွေနဲ့ မိမိတို့နိုင်ငံရဲ့ အဂတိတိုက်ဖျက်မှုအခြေအနေကို ကိုယ်တိုင် ဆန်းစစ်လေ့လာနေတာ ပထမလေးနှစ်အတွင်းမှာ ကျရောက်နေပါတယ်။ UNCAC ရဲ့ အင်တာနက်စာမျက်နှာမှာ မြန်မာနိုင်ငံအနေနဲ့ မိမိကိုယ်မိမိဆန်းစစ်တဲ့မေးခွန်း ၂၁၇ ခု ဖြေထားတာကို လည်း လေ့လာတွေ့ရှိနိုင်ပါတယ်။ ဒီလိုဖြေကြားထားချက်တွေရှိနေပေမယ့်လည်း တကယ့်မြေပြင် အခြေအနေမှာတော့ ထူးခြားတိုးတက်မှုကို မတွေ့ရသေးပါဘူးရှင့်။ ဒီလိုဖြေကြားချက်များဟာ ဝတ်ကျေတန်းကျေတာဝန်အရ စာရွက်ပေါ်မှာသာတင်မဟုတ်ဘဲ သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့ အစည်းဝင်တွေက အမှန်တကယ်အဂတိတိုက်ဖျက်ရေးကို အောင်မြင်ချင်တဲ့စိတ်စေတနာအပြည့်အဝနဲ့ ရည်ရွယ်တဲ့ရလဒ်များ အမှန်တကယ်ရနိုင်တဲ့ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်းများကို လက်တွေ့ ဆောင်ရွက်ကြမှသာ အဂတိတိုက်ဖျက်ရေးအကောင်အထည်ဖော်မှု အမှန်တကယ်တိုးတက်အောင်မြင် နိုင်မှာဖြစ်တဲ့အကြောင်း လေးလေးနက်နက်ပြောကြားလိုပါတယ်ရှင့်။ ဒါကြောင့်မို့လို့ အခုအချိန်ဟာ ၂၀၁၂ ခုနှစ်ကစတင်ခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းနဲ့ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေကို အရှိန်အဟုန်မြှင့်ပြီး ထိထိရောက်ရောက်ဆောင်ရွက်သင့်တဲ့အချိန်ဖြစ်ကြောင်း အထူးပြောကြားလိုပါ တယ်။ UNCAC နှင့်ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးပြောင်းလဲမှုတွေနဲ့ အံ့ဝင်ခွင်ကျဖြစ်အောင် ပုံစံချပြီး အဂတိနှိမ်နင်းရေးဆိုင်ရာ ဥပဒေများ သိသိသာသာ အသက်ဝင်အောင်ဆောင်ရွက်ခြင်းအားဖြင့် ရလဒ်ကိုအခြေခံတဲ့ချဉ်းကပ်မှု တွေနဲ့ အကောင်အထည်ဖော်သင့်ကြောင်း တိုက်တွန်းဆွေးနွေးလိုပါတယ်ရှင့်။

**မှူကြမ်း**

နံပါတ်(၃)အချက်အနေနဲ့ ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အသက်ဖြစ်တဲ့အာဏာသုံးရပ်ခွဲဝေသုံးစွဲခြင်းဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့လွှတ်တော်ဟာ ဥပဒေများကို တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရေရှည်ဆောင်ကြဉ်းနိုင်တဲ့ ခေတ်နဲ့လျော်ညီတဲ့ တရားတဲ့ဥပဒေတွေဖြစ်ဖို့ ပြင်ဆင်ရန် တာဝန်ရှိပါတယ်။ တရားဥပဒေများကို မှန်မှန်ကန်ကန်အဓိပ္ပာယ်ဖော်ပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ဖို့ကိုတော့ အုပ်ချုပ်ရေးမဏ္ဍိုင်က တာဝန်ယူရပါတယ်။ မမှန်ကန်တဲ့ဖြစ်စဉ်တွေနဲ့ မတရားမှုများကို ဖော်ထုတ်အရေးယူပြီး အမှန်တရားဖော်ဆောင်ဖို့ တရားစီရင်ရေးမဏ္ဍိုင်က တာဝန်ယူရပါတယ်။ ဒီမိုကရေစီစနစ်များမှာ အာဏာသုံးရပ်ခွဲဝေသုံးစွဲခြင်းဟာ အဂတိကင်းစင်တဲ့ ဒီမိုကရေစီစနစ်ရေရှည်တည်တံ့အောင် အကောင်အထည်ဖော်နိုင်ဖို့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းထားတဲ့ သုံးချောင်းထောက်နဲ့တူပါတယ်ရှင့်။ အဲဒီသုံးချောင်းထောက်မှာ တစ်ချောင်းချောင်းလဲရင် ကျန်တဲ့နှစ်ချောင်းလည်း လိုက်လဲတာဖြစ်တဲ့အတွက် လက်ရှိအစိုးရလက်ထက်မှာ တည့်မတ်တဲ့တရားစီရင်ရေးပေါ်ပေါက်ဖို့ တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲရတော့မယ့်အချိန်ဖြစ်တယ်လို့ အထူးပြုပြောကြားလိုပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အချုပ်အားဖြင့်ပြောရလို့ရှိရင် အဂတိလျှော့ချရေးကို အမှန်တကယ်ဆောင်ရွက်ချင်တဲ့စိတ်ရှိတဲ့အစိုးရနဲ့ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မယ့် ယန္တရားဖော်ဆောင်ဖို့နဲ့ သက်ဆိုင်ရာအစိုးရဌာနများဟာ ပြည်သူ၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ သတင်းမီဒီယာကဏ္ဍတို့နဲ့ တက်ညီလက်ညီလက်တွဲလုပ်ဆောင်သွားဖို့နဲ့ တည့်မတ်တဲ့တရားစီရင်ရေးမဏ္ဍိုင်ပေါ်ပေါက်လာဖို့ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန်အချိန်ဖြစ်တဲ့အကြောင်း တိုက်တွန်းရင်း ဒေါက်တာသန်းဝင်းရဲ့အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့ နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို

ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တိုးတက်ဖို့ အဂတိလိုက်စားမှုပြဿနာကို အလေးပေးထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများမှာ တိုင်းသူပြည်သားများအတွက် ရောဂါဆိုးကြီးဖြစ်ပါတယ်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူတို့၏စိတ်ပိုင်းဆိုင်ရာများကို ချိုးနှိမ်ဖျက်ဆီးပစ်ရုံမက ရုပ်ဝတ္ထုပစ္စည်းများဖြစ်တဲ့ ရေ၊ မြေ၊ တောတောင်၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ဖျက်ဆီးခံရတာပါပဲ။ တစ်ချိန်က အရှေ့တောင်အာရှမှာ သယံဇာတပေါကြွယ်ဝပြီး ထိပ်ဆုံးက မြန်မာနိုင်ငံဟာ သယံဇာတကျိန်စာသင့်နေပါပြီ။ နွေအခါအမြင့်ဆုံးအပူချိန်၊ မိုးအခါ မြစ်ချောင်းတွေရေလျှံပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတွေ၊ လျော့နည်းခဲ့ရပါတယ်။ နောင်လာနောက်သားကောင်းစားဖို့ရာ ငါတို့ကိုယ်ကျိုးလုံးလုံးမပါဆိုတဲ့ ပုဂ္ဂိုလ်များရှိသလို သာတူညီမျှကောင်းစားရေးမဟုတ်ဘဲနဲ့ သားတူညီများကောင်းစားရေးလည်း ရှိပါတယ်။ ရေများရေနိုင်၊ မီးများမီးနိုင်ပေါ့။ စားဖားတွေညီညွတ်တာ ကျုပ်မလိုချင်ဘူးလို့ ဗိုလ်ချုပ်ပြောခဲ့တာလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၂၃/၂၀၁၃)နဲ့ ၂၀၁၃ ခုနှစ် ဩဂုတ်လ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်လည်း ဖွဲ့စည်းခဲ့ပါတယ်။ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)မှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဆိုသည်မှာ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များ ကျင့်သုံးဆောင်ရွက်လာရာမှ လာဘ်ပေးလာဘ်ယူနှင့် ငွေကြေးနှင့်ပစ္စည်းများ တိုးပွားလာရခြင်းကြောင့်သော်လည်းကောင်း ပေးရန်တာဝန်များ လျှော့ချခြင်းကြောင့်လည်းကောင်း၊ ငွေကြေးနှင့်ပစ္စည်းများကို မတရားရယူခြင်းကြောင့်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကို ဆိုသည်လို့ ပါရှိပါတယ်။ အခန်း(၂) ရည်ရွယ်ချက်များမှာတော့ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)မှာ လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများရဲ့အခွင့်အရေးနဲ့ အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ ပုဒ်မခွဲ(င) လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်လို့ ပြဋ္ဌာန်းထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ရှေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ပြောသွားပါတယ်။ ငွေတစ်ကျပ်လာဘ်စားတာတွေ့ရင် ကျုပ်ကို သူခိုးလို့ခေါ်ပါဆိုတဲ့ ယခင်ခေတ် သမိုင်းဝင်နိုင်ငံရေးသမားကြီးရဲ့စကား မသန့်ရှင်းတဲ့နည်းနဲ့ ဘဝကိုမရပ်တည်ကြပါနဲ့လို့

ပြောခဲ့တဲ့ ယခုမျက်မှောက်ခေတ်သမ္မတကြီးရဲ့စကားတွေ မှတ်သားပြီး အာဏာရရင် စီးပွားဖြစ်တာပဲလို့ ပြည်သူများအထင်မမှားရအောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့ နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြောက်ဥက္ကလာပမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိ ရောက်ရောက်ကိုင်တွယ်ဖြေရှင်းပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အပြု သဘောထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံနှင့်အဝန်း အဂတိလိုက်စားမှု များလို့ ပြောရလောက်အောင်ပင် ကျွန်မတို့နိုင်ငံမှာ အဂတိလိုက်စားမှုများဟာ နေရာတိုင်း၊ ဌာနတိုင်း၊ ကဏ္ဍတိုင်းလိုမှာ တွေ့မြင်နေရပါတယ်။ အဂတိလိုက်စားမှုရဲ့ နောက်ဆက်တွဲပြဿနာများဟာလည်း အင်မတန်မှများပြားလှပါတယ်။ မြန်မာနိုင်ငံတွင် ပြည်သူများရင်ဆိုင်ကြုံတွေ့နေရသော ဒုက္ခ၊ သုက္ခ တွေရဲ့အရင်းအမြစ်ကိုကြည့်မယ်ဆိုရင် နိုင်ငံနှင့်အဝန်းအကျင့်ပျက်ခြစား၊ အဂတိလိုက်စားခြင်းကြောင့် ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံရဲ့ကြီးလေးတဲ့တာဝန်ကို ယူဆောင်ထားသူများနှင့် အစိုးရဌာနဆိုင်ရာ ရာထူးအဆင့်ဆင့်ကိုယူထားကြသော နိုင်ငံ့ဝန်ထမ်းအချို့ရဲ့ ဥပဒေကိုချိုးဖောက်၍သော်လည်းကောင်း၊ ဥပဒေကိုလက်တစ်လုံးခြားလှည့်၍သော်လည်းကောင်း၊ နိုင်ငံတော်စီမံခန့်ခွဲမှုတာဝန်ကို အာဏာဟု မှတ်ယူကာ မလျော်သြဇာသုံး၍လည်းကောင်း ကိုယ်ကျိုးစီးပွားရယူခြင်းများဟာ ကျွန်မတို့မြန်မာနိုင်ငံ ရဲ့ဆင်းရဲတွင်းနက်ရခြင်းအကြောင်းအရင်းများ ဖြစ်ပါတယ်ရှင်။ တိုင်းပြည်ရဲ့အဓိကအရေးကြီးဆုံး မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် သုံးရပ်စလုံးမှာလည်း အဂတိလိုက်စားမှုများ သိသိသာသာလျော့ပါးကျဆင်းသွားအောင် ပြုလုပ်ဖို့

တိုက်တွန်းလိုပါတယ်ရှင်။ ထို့အတူ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာကဏ္ဍ၊ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ NGO၊ INGO များ ပြည်သူများရဲ့အခန်းကဏ္ဍတွေမှာရော အဂတိတရားများကင်းကြရဲ့လားဆိုတာ ဆန်းစစ်စရာဖြစ်လာပါတယ်။ လူတို့ရဲ့ကိုးကွယ်ရာ၊ ယုံကြည်ရာ ဘာသာရေးအခန်းကဏ္ဍမှာပါ အဂတိလိုက်စားမှုများကို တွေ့မြင်လာရပါတယ်။ တိုင်းပြည်အတွက် အင်မတန်မှစိုးရိမ်မိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်မှာထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်အောင် အလေးထားဆောင်ရွက်သင့်ပါတယ်။ သို့မှသာ ပြည်သူများဟာ မိမိတို့လိုက်နာဆောင်ရွက်ရမယ့် တာဝန်နှင့်ရပိုင်ခွင့်များကို နားလည်သဘောပေါက်ပြီး ဥပဒေရဲ့အကာအကွယ်ကိုရယူကာ အဂတိတရားပြုချင်သူများရဲ့ရန်က နေပြီးတော့မှရှောင်ရှားနိုင်မှာဖြစ်ပါတယ်ရှင့်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ လူ့အခွင့်အရေးကြေညာစာတမ်းအရသော်လည်းကောင်း ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော တရားမမျှတမှုများ၊ မတရားဖိနှိပ်မှုများ၊ နိုင်ငံတော်အတွင်းဥပဒေကို ချိုးဖောက်ဆောင်ရွက်ကြသည့်ကိစ္စရပ်များကို တာဝန်သိသိလွတ်လပ်စွာ ပြောဆိုတင်ပြနိုင်ခွင့်ရှိရန် လည်းလိုအပ်ပါတယ်။ ဌာနအလိုက်၊ ကဏ္ဍအလိုက် ပြည်သူများရဲ့ပူးပေါင်းပါဝင်မှုကိုလည်း တရားဝင် ဖိတ်ခေါ်သင့်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နှစ်ပေါင်းများစွာ စည်းလွတ်၊ ဝါးလွတ်အဂတိတရားများနှင့် ယှဉ်ပါးပြီး အဘက်ဘက်မှချွတ်ခြုံကျနေတဲ့ ကျွန်မတို့မြန်မာနိုင်ငံကို ပြန်လည်ပြုပြင်ရန်မှာ လွယ်လွယ်ကူကူ မရနိုင်သလို အခက်အခဲအတားအဆီးများစွာကိုလည်း ရင်ဆိုင်ကျော်လွှားရမှာဖြစ်ပါတယ်ရှင်။ ဒီနေရာ မှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လက်ညှိုးထိုးရိုးစွတ်မနေဘဲ အားလုံးမှာတာဝန်ရှိတယ်ဆိုတယ် ဆိုတဲ့အသိတရားရှိဖို့လိုအပ်ပါတယ်။ တာဝန်ယူပြီး တာဝန်မဲ့တဲ့သူတွေမဖြစ်ဖို့တော့ အားလုံးကို တိုက်တွန်းချင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်တာဝန်ရှိသူများမှ နိုင်ငံနှင့်အဝန်းအဂတိလိုက်စားမှုများ လျော့ပါး ကျဆင်းရေးကို စနစ်တကျစီမံ၍ ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုအပ်သလိုပြည်သူများ အနေဖြင့်လည်း အပြောင်းအလဲကြောင့် ခေတ္တရင်ဆိုင်ကြုံတွေ့လာနိုင်သောအခက်အခဲများကို

နားလည်သည်းခံပေးရန်လိုအပ်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း အဆိုတင်သွင်းတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြသွားခဲ့သလိုပဲ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံနှင့်အဝန်း အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍအသီးသီးမှာ လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိနေခဲ့တာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ အခက်အခဲတွေ့စေခဲ့ရပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ၂၀၁၃ ခုနှစ် သြဂုတ်လမှာ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ထိုဥပဒေပါ အခန်း(၂) အပိုဒ် ၄ မှာ ရည်ရွယ်ချက်များဟာ အင်မတန်မှ ကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်။

အဲဒါတွေကတော့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရန်၊ အများ

ပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူနိုင်မှုမြင့်မားတိုးတက်စေရန်၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စတဲ့ အပိုဒ်ခွဲ(က)မှ(စ)ပါအချက်တွေဟာ အင်မတန်မှ ကောင်းမွန်ပါတယ်။ ကော်မရှင်အနေနဲ့ ရည်ရွယ်ချက်ပါ လုပ်ငန်းတွေကို ဘယ်လောက်ထိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သလဲဆိုတာ တွေးတောစရာဖြစ်သလို အဲဒီရည်ရွယ်ချက်ကောင်းတွေအတိုင်း ဖြစ်လာအောင်လည်း ကြိုးစားလုပ်ဆောင်ကြဖို့လည်း လိုအပ်လှပါတယ်။ အမှန်တကယ် လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူတွေကိုလည်း အခန်း (၁၀)ပါပြစ်မှုနှင့်ပြစ်ဒဏ်များအတိုင်း ကျူးလွန်ရာပုဒ်မအလိုက် ထိရောက်စွာအရေးယူအပြစ်ပေးဖို့လည်း လိုအပ်လှပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်တွေ့ပြည်သူတွေရဲ့ကြားမှာဆိုရင် သစ်တစ်ပင်ခုတ်ရင်ထောင် သုံးနှစ်၊ တစ်တောလုံးခုတ်တော့ ကျေးဇူးရှင်ဆိုသလို ဖြစ်နေပါတယ်။ ဒါတွေဟာလည်း အဂတိလိုက်စားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေဖြစ်ပါတယ်။ မြေပြင်ရဲ့ ဥပမာအနေအထားအရဆိုရင် ထန်းတပင်မဲဆန္ဒနယ်က ဦးနေမျိုးထွန်းပြောသွားသလို အိမ်ထောင်စုဇယားလုပ်မယ်၊ မှတ်ပုံတင်လုပ်မယ်ဆိုရင် တစ်ချိန်တုန်းကတော့ မှတ်ပုံတင်လုပ်မယ်ဆိုရင် ဓာတ်ပုံသုံးပုံပေးလိုက်၊ နာမည်စာရင်းပြောလိုက်ပြီးတော့ ငွေကြေးလေးအနည်းငယ်ပေးလိုက်ရင် အလွယ်လေးရတာပါပဲ။ အိမ်ထောင်စုဇယားလုပ်မယ်ဆိုရင်လည်း နာမည်စာရင်းပေးပြီးတော့ ၂၀၀၀၊ ၃၀၀၀ လောက်ပေးလိုက်ရင် အလွယ်ကလေးနဲ့ ဌာနဆိုင်ရာနဲ့ အုပ်ချုပ်ရေးမှူးနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားလိုက်တာ ပြီးသွားတာပါပဲ။ သို့သော်လည်းပဲ ပြည်သူတွေရဲ့အနေအထားအရ ပြဋ္ဌာန်းထားတဲ့ဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ကြေးအတိုင်း လုပ်မယ်ဆိုပြီးတော့ ပြည်သူတွေက အပိုငွေကြေးမပေးလိုတဲ့အခါမှာ ဌာနဆိုင်ရာတွေအနေနဲ့ ဘယ်အချက်အလက်တွေ လိုပြန်ပြီ။ ပြန်ခိုင်းပြီးတော့ နောက်နေ့မှလာခဲ့ပါ။ ဦးစီးမှူးမရှိလို့ မနက်ဖြန်မှလာခဲ့ပါဆိုပြီးတော့ စတဲ့အကြောင်းပြချက်တွေနဲ့ ငွေကိုလာဘ်မစားရတော့ အချိန်ကိုလာဘ်စားတဲ့ ဝန်ထမ်းဆိုးတွေရှိနေသေးတယ်ဆိုတာလည်း ပြည်သူလူထုထံမှ ကြားသိနေရပါတယ်။ သို့သော်လည်းပဲ တချို့ဝန်ထမ်းတွေကတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ

စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးနေသော်လည်းပဲ တချို့သောပြည်သူတွေက လက်ဖက်ရည်ဖိုး ဟုဆိုကာ ငွေကြေးများပေးနေတဲ့ အလေ့အထတွေလည်း ရှိနေကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားတွေ ဖမ်းမယ်ဆိုရင်လည်း လက်ခွဲဒိုင်တွေကိုသာ ဖမ်းမိပြီးတော့ ဒိုင်မကြီးတွေကို ဖမ်းမမိနိုင်တာ ဒါတွေဟာ အဂတိတရားတွေပါပဲခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွေကိုပြဋ္ဌာန်းပြီး ဥပဒေအတိုင်းမလုပ်နိုင်ဘူးဆိုရင် ဥပဒေဆိုတာ ပင့်ကူအိမ်လိုပဲလားဟုဆိုပြီး ပြည်သူတွေတွေးနေစရာ ဖြစ်နေပါတယ်။ ပင့်ကူအိမ်ဆိုတာ ခြင်ကောင်လေး၊ ယင်ကောင်လေးတွေကို အကောင်သေးသေးလေးတွေကို ဖမ်းစားနိုင်ပြီး နဂါးကောင်လိုအကောင်ကြီးတွေကျတော့ ဖောက်ထွက်သွားနိုင်တဲ့ သဘောမျိုးဖြစ်နေပြီလားဆိုတာ ပြည်သူကြားထဲမှာ စဉ်းစားတွေးတောစရာဖြစ်နေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဥပဒေတစ်ရပ်လည်း ပြဋ္ဌာန်းပြီးဖြစ်သလို ဥပဒေဆိုတာ ပင့်ကူအိမ်လိုမဟုတ်ဘဲ ပြည်သူတွေအတွက် အမှန်တကယ်လုံခြုံမှုပေးစွမ်းနိုင်တယ်ဆိုတာ ပြည်သူအားလုံး မျက်ဝါးထင်ထင်တွေ့မြင်နိုင်ရေးအတွက် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း တင်သွင်းသွားသောအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဖားကန့်မဲဆန္ဒနယ်မှာ တွေ့မြင်နေရတဲ့ အဂတိလိုက်စားမှုအခြေအနေများရဲ့ တစ်စိတ်တစ်ဒေသကို အခြေခံပြီးတော့မှ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဖားကန့်လို့ပြောလိုက်ရင်ပဲ ကျွန်တော်တို့ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိနေတဲ့ ကျောက်စိမ်းထွက်ရာဒေသ၊ အဂတိလိုက်စားမှုတွေတင်းကျမ်းပြည့်နေတဲ့ဒေသ၊ သိန်းနဲ့ချီရှိနေတဲ့ ရေမဆေးသမားတွေရဲ့ဘဝ၊ အင်အားကြီးတဲ့ယန္တရားကြီးတွေအသုံးချပြီးမှ လောဘဇောတိုက်ပြီးတော့မှ ဒီကျောက်စိမ်းတွေကို အလုအယက်တူးဖော်နေတဲ့ အခြေအနေတွေကိုပဲ တွေးမြင်မိကြမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကျောက်စိမ်းတူးဖော်ရေးကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်ဆဲဖြစ်နေတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့စီးပွားရေးကို အင်မတန်မှ အထောက်အကူပြုနိုင်တဲ့ အခြေအနေ၊ ဝင်ငွေရှိနေပေမယ့်လည်း အဲဒီကဏ္ဍအသီးသီးမှာရှိနေတဲ့ အဂတိလိုက်စားမှုအခြေအနေတွေကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံဟာ ကျောက်မျက်တူးဖော်ရေးကဏ္ဍကရရှိလာတဲ့ အကျိုးအမြတ်ကို ပြည့်ပြည့်ဝဝခံစားရနိုင်ခြင်းမရှိသေးပါဘူး။ မကြာသေးခင်ကမှ ထုတ်ပြန်ကြေညာခဲ့တဲ့ Global Witness အဖွဲ့ကြီးရဲ့ အစီရင်ခံစာအရ ပြီးခဲ့တဲ့၂၀၁၄ ခုနှစ်တစ်ခုတည်းမှာတင် ဖားကန့်ဒေသရဲ့ကျောက်စိမ်းထုတ်လုပ်မှုကနေ ရရှိလာတဲ့ဝင်ငွေအရပ်ရပ်ဟာ ၃၁ ဘီလီယံခန့် ရှိတယ်လို့သိရပါတယ်။ ဒါတွေဟာလည်း Global Witness အဖွဲ့ကြီးရဲ့ အစီရင်ခံစာထုတ်လုပ်မှုအပိုင်းမှာ ကျွန်တော်ကိုယ်တိုင်တစ်တပ်တစ်အား ပါဝင်ကူညီခဲ့တဲ့အတွက် ဒါတွေကိုသိရှိရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလောက်များပြားတဲ့ငွေကြေးတွေဟာ တကယ်တမ်းဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးရဲ့ ၄၈ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒီငွေတွေဟာ နိုင်ငံ့ရဲ့ဘဏ္ဍာငွေထဲကို စီးဝင်ရမယ့်အစား ဒါတွေဟာ အဂတိလိုက်စားမှုနဲ့ မသမာမှုတွေကြောင့်မို့လို့ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ ငွေကြေးတွေဆုံးရှုံးနေရတယ်။ ဘဏ္ဍာငွေတွေဆုံးရှုံးနေရတယ်ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါတွေဟာလည်း အင်မတန်မှဝမ်းနည်းစရာကောင်းတဲ့အဖြစ်တွေပါ။ ကျောက်စိမ်းတူးဖော်ရေးကဏ္ဍမှာ လုပ်ကွက်ရယူတာကနေစပြီးတော့မှ ကျောက်စိမ်းကုန်ချောထုတ်လုပ်တဲ့အထိ အဆင့်ပေါင်းမြောက်မြားစွာမှာ ဒီလာဘ်ပေးလာဘ်ယူမှုနဲ့ အဂတိလိုက်စားမှုတွေဟာ ငွေကြေးပဏာမမြောက်များစွာ ရှိနေတယ်ဆိုတာကို ကျွန်တော့်အနေနဲ့တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတော်နဲ့အကျိုးတူလုပ်နေတဲ့ ကျောက်မျက်ကုမ္ပဏီကြီးတွေမှာ နိုင်ငံတော်ရဲ့ကိုယ်စားခန့်ထားတဲ့ အနီးကပ်ကြီးကြပ်ဆိုတဲ့ ဝန်ထမ်းတွေရှိပါတယ်။ ဒီလူတွေဟာ နိုင်ငံတော်က ရသင့်ရထိုက်တဲ့တန်ဖိုးတွေကို ရရှိနိုင်ဖို့အတွက် နိုင်ငံတော်ကိုယ်စားပြုရပေမယ့်လို့ ကုမ္ပဏီတွေကနေ လိုအပ်ချက်မရှိလောက်အောင် ထောက်ပံ့ထားတဲ့အနေအထားပေါ် မူတည်ပြီးတော့ နိုင်ငံတော်အပေါ်မှာ သစ္စာဖောက်ပြီးတော့မှ အချို့သောကုမ္ပဏီကြီးတွေရဲ့ အကျိုးစီးပွားအတွက်ကို လိုက်ပါပြီးတော့ လုပ်ဆောင်ပေးနေရတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ တကယ့်တန်ဖိုးကြီးမားတဲ့ကျောက်ကောင်းတွေဟာ တစ်ဖက် တရုတ်နိုင်ငံထဲကို ရောက်ရှိသွားတယ်ဆိုတာကိုလည်း ကျွန်တော်တို့ကိုယ်တွေ့မျက်မြင် တွေ့ရှိရတာတွေရှိပါတယ်။ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့

ကျောက်တွေဟာ ကျွန်တော်တို့ ဒီဖားကန့်ကနေ တရုတ်ပြည်နယ်စပ်အထိကို ဂိတ်ပေါင်းမြောက်များစွာ ရှိတဲ့ကြားထဲကနေ တစ်ရက်ကို ကျောက်စိမ်းတန်ချိန် ၆၀၊ ၇၀ လောက် ရောက်ရှိနေတယ်ဆိုတဲ့ သတင်းတွေအရ သိရှိရပါတယ်။ နောက်ပြီးတော့မှ တရုတ်ပြည်အတွင်းမှာရှိကြတဲ့ မြို့တွေဖြစ်တဲ့ ဥပမာအားဖြင့် ရွှေလီတို့၊ ကြယ်ခေါင်တို့၊ ယင်ကျန်းတို့၊ ကွမ်းကျိုးတို့ စတဲ့မြို့တွေမှာရှိတဲ့ ကျောက်စိမ်းရောင်းတဲ့ခန်းမတွေ၊ ပွဲရုံတွေကိုကြည့်လိုက်လို့ရှိရင် အားလုံးနီးပါးဟာ ကျွန်တော်တို့မြန်မာနိုင်ငံက ထွက်တဲ့ ကျောက်စိမ်းတွေဖြစ်ပါတယ်။ ဒီကျောက်စိမ်းတွေဟာ မြန်မာနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံက တရားဝင်အနေနဲ့ရော၊ တရားမဝင်အနေနဲ့ရော ထွက်ရှိသွားတဲ့ ကျောက်တွေ ဖြစ်ပါတယ်။ တချို့တွေဆိုလို့ရှိရင် ဖွက်လို့၊ လျှိုလို့မရတဲ့ တန်ချိန် ဆယ်ချီ၊ ရာချီကျောက်စိမ်းတုံးတွေတောင်မှ တရုတ်ပြည်ကို ရောက်ရှိသွားတာဖြစ်ပါတယ်။ ဒါတွေဟာလည်းပဲ ကဏ္ဍအသီးသီးမှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ အဂတိလိုက်စားမှုတွေကြောင့်မို့လို့ ဒီလိုရောက်ရှိသွားတာဖြစ်ပါတယ်။ တချို့တွေဆိုလို့ရှိရင် မြန်မာ့ကျောက်မျက်ရတနာက ကျင်းပပြုလုပ်တဲ့ ရတနာပြပွဲတွေမှာတောင် မတွေ့နိုင်တဲ့ အင်မတန်မှကောင်းမွန်တဲ့ ကျောက်ကြီး၊ ကျောက်ကောင်းတွေကို တရုတ်နိုင်ငံမှာ တွေ့ရှိရခြင်းဟာလည်း ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်မှ ရင်နာစရာကောင်းသလို ကျွန်တော်တို့ရဲ့ ကျောက်မျက်တူးဖော်ရေးကဏ္ဍမှာ ဘယ်လောက်အထိ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေရှိနေတယ်ဆိုတာကိုလည်း ပြဆိုနေခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီကဏ္ဍကနေ ဒီမြန်မာနိုင်ငံက ဘဏ္ဍာငွေတွေ ယိုဖိတ်နေတာကို ပိတ်ဆို့နိုင်အောင် ဒီအဂတိလိုက်စားမှုကို တင်းတင်းကြပ်ကြပ်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ချက် ကျွန်တော့်အနေနဲ့ ဆွေးနွေး ချင်တာက ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ အဓိကဖြစ်နေတဲ့ မူးယစ်ဆေးဝါးကဏ္ဍပါ။ ဘယ်လောက်ထိပေါသလဲဆိုရင် ဖားကန့်ရဲစခန်းမှာ အမြဲတမ်းအချုပ်သားက ၄၀၀ ဝန်းကျင်ရှိပါတယ်။ အဲဒီထဲက ၉၀ ရာခိုင်နှုန်းကျော်ဟာ မူးယစ်ဆေးဝါးအမှုတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဘာကြောင့်ဒီလောက်များနေရတာလဲ။ ကျွန်တော်နဲ့ရင်းနှီးတဲ့ ရဲအရာရှိတစ်ယောက်က ပြောပါတယ်။ ဖားကန့်မြို့နယ်မှာရှိတဲ့ ရဲစခန်းမှူးတစ်ယောက်ရဲ့ တစ်နေရာရဲ့ပေါက်ကြေးဟာ သိန်း ၂၀၀ နဲ့ အထက်ရှိတယ်လို့ ကျွန်တော်ကိုပြောပါတယ်။ အဲဒီတော့ သူတို့မှာ ဒီလိုပေးရတဲ့ကြေးတွေကာမိအောင် အဆင့်တိုင်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်းပဲ ဂါရဝကြေး

တွေပေးနိုင်အောင် သူတို့အဓိက အားပြုတာက မူးယစ်ဆေးဝါးကို လက်လီလက်ကားရောင်းနေတဲ့ ပုဂ္ဂိုလ်တွေဆီကနေ လိုင်းကြေးတွေကို ကောက်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုမျိုးတွေ တရားဥပဒေစိုးမိုးရေးကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင်က ဒီလိုမျိုးဆောင်ရွက်နေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဟာ အောင်မြင်မှာမဟုတ်သလို တရားဥပဒေစိုးမိုးရေးဟာ ဘယ်လိုမှ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နောက်ဆုံးပြောကြားချင်တာကတော့ ကျွန်တော်တို့ဖားကန့်ဒေသရဲ့ မူးယစ်ကင်းစင်ရေးပါ။ အဲဒီကိစ္စမှာလည်းပဲ အဂတိလိုက်စားမှုတွေရှိနေပါတယ်။ ဒါကြောင့်မို့လို့ အဂတိလိုက်စားမှုများကို လျှော့ပါးအောင် ဆောင်ရွက်ခြင်းဟာဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဥက္ကလာပမဲဆန္ဒနယ် ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးမှ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းထားတဲ့ နိုင်ငံတော်အဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားတဲ့ကိစ္စရပ်ကို ဖြေရှင်းရန်မှာ အဂတိလိုက်စားမှုမဖြစ်ပေါ်ရေး ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပေါ်ပြီးပါက စိစစ်၍ အဂတိလိုက်စားမှုပပျောက်စေရန် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)တွင် ဖော်ပြထားချက်အတိုင်း ဖြစ်ပါတယ်။ အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှု လုပ်တဲ့နေရာမှာ ဥပမာတစ်ခုအဖြစ် ပထမဆုံးအချက်အနေနဲ့ တင်ပြရရင် ပြည်သူ့လွှတ်တော်မှာ ၂-၈-၂၀၁၆ ရက်နေ့မှာ မြစ်သားမြို့နယ်က ဒေါက်တာလင်းလင်းကျော်မေးမြန်းတဲ့ ဆည်နှင့်ပတ်သက်သောမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားခဲ့ရာ ဆည်တွေတည်ဆောက်ခဲ့တာ များသောအားဖြင့် EIA,SIA ထက် ကိုယ်ကျိုးစီးပွားရှေးရှုပြီး ဆောက်လုပ်ထားခြင်း၊ တိုင်းပြည်အတွက် အကျိုးရှိ/မရှိ Team ဖွဲ့စိစစ်ပြီး ဆက်လက်သုံးသပ်ဆောင်ရွက်သွားပါမယ်လို့ ကတိပြုခဲ့ခြင်း၊ မြစ်ရေတင်စီမံကိန်းတွေကလည်း သဲထဲရေသွန်သလို အလုပ်မဖြစ်သော ၃၀၀ ကျော်မြစ်ရေတင် စီမံကိန်းတွေထဲမှ စီမံကိန်း ၁၇၀ ကို ရပ်ဆိုင်းခဲ့ပြီးဖြစ်တယ်လို့ ဖြေကြားသွားပါတယ်။ ဒီအဖြေကို သုံးသပ်ကြည့်ရင် ငွေလုံးငွေရင်းဘတ်ဂျက်မှာ တင်ပြအတည်ပြုသုံးစွဲတဲ့အပိုင်းမှာ ပြည်သူ့ဘဏ္ဍာငွေများဆုံးရှုံးခဲ့ရတာတွေ၊ ဆည်တည်ဆောက်တဲ့အပိုင်းမှာ ပတ်ဝန်းကျင်ရှိ သစ်ပင်အပြောင်ရှင်း၊ မြေတူး၊ ကျောက်ဖို့၊ တမံလုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ ဘယ်လိုပြုလုပ်ကြသလဲဆိုတဲ့ အဂတိလိုက်စားမှုတွေ ဖြစ်ပေါ်နေနိုင်သလဲဆိုတာ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ငွေလုံးငွေရင်းဘတ်ဂျက်ကို တင်ပြတဲ့ အချိန်ကစပြီး စိစစ်တဲ့ ဝန်ကြီးဌာနအဆင့်ဆင့်နဲ့ လွှတ်တော်ကော်မတီဝင်အသီးသီးဟာ လိုအပ်ပါက ကွင်းဆင်းစိစစ်လေ့လာ ပြီးမှ အတည်ပြုပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ သာမန်အသုံးစရိတ်ဘတ်ဂျက်ထဲမှာ ဦးစီးဌာနတွေကို ချပေးမထားတဲ့ ဧည့်ခံစရိတ်ခေါင်းစဉ်ပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အကြီးအကဲတစ်ဦးက နယ်ဆင်း၊ ကွင်းစစ်၊ အစည်းအဝေးများကျင်းပတဲ့အခါ ဘတ်ဂျက်ခေါင်းစဉ်မရှိတော့ မြို့နယ်တာဝန်ခံတွေက ၎င်းစရိတ်များကို မိမိတို့ဌာနဆိုင်ရာနှင့်ဆက်စပ်ပြီး ဩဇာညောင်းတဲ့လုပ်ငန်းရှင်များထံက အလှူခံတဲ့နည်းလမ်းတွေ၊ လုပ်ပိုင်ခွင့်ပေါ်မှရတဲ့ နည်းတွေနဲ့ သုံးကြရတော့မယ်ဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ အများသိတဲ့ကိစ္စတွေဖြစ်ပါတယ်။ အဲဒီနောက်က ဘာဖြစ်လာလဲဆိုရင် တစ်နည်းတစ်ဖုံအားဖြင့် ပြန်ပြီးသိတတ်ရတာကြောင့် အဂတိလိုက်စားမှုအပိုင်းကို အားပေးနေသလို ဖြစ်နေပါတယ်။ ဒါကြောင့် တာဝန်ရှိသူများ နယ်ဆင်းလျှင် မိမိစရိတ်ဖြင့်ကျခံခြင်း၊ သာမန်အသုံးစရိတ်ဘတ်ဂျက်တွင် ဧည့်ခံစရိတ်များ ခွဲဝေကျခံစေခြင်းဖြင့် အဂတိလိုက်စားမှုပပျောက်စေနိုင်ပါတယ်။ ထို့အတူ ပြည်သူ့ဝန်ထမ်းများ၏ ခရီးစရိတ်ဘတ်ဂျက်များနှင့် ခရီးစရိတ်ခွင့်ပြုငွေ ညွှန်ကြားချက်များကိုလည်း ဝန်ထမ်းများ

မနစ်နာစေရန် ပြင်ဆင်ဆောင်ရွက်ပေးစေလိုပါတယ်။ တင်ပြခဲ့တဲ့ ဘတ်ဂျက်ရေးဆွဲခြင်းအပိုင်းကို ကြည့်လျှင် Top down ပေါ်လစီနဲ့ ဆွဲခဲ့တာကြောင့် ဘတ်ဂျက်ချပေးလိုက်တဲ့အခါမှာ တကယ် ဖြစ်သင့်တဲ့လက်တွေ့နဲ့ မကိုက်ညီပဲ ဝိုင်းလုပ်ကြတဲ့ ပတ်သက်သူတွေများကပဲ အဂတိလိုက်စားမှု အပိုင်းထဲရောက်သွားကြတယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘတ်ဂျက်များရေးဆွဲတဲ့အခါ Bottom Up အနေနဲ့ စိတ်ဝင်စားတဲ့ ပြည်သူများရဲ့အသံကိုနားထောင်ပြီး လိုအပ်ပါက နယ်မြေလွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံဉာဏ်ကို ဌာနဆိုင်ရာများက ရယူပါက အမှန်လိုအပ်သော ဘတ်ဂျက်များဖြစ်လာနိုင်ပါကြောင်းနှင့် အဂတိလိုက်စားမှုပပျောက်ရေးကို အထောက်အကူပြုနိုင်ပါကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

တတိယအချက်အနေနဲ့ ဘတ်ဂျက်တွင် ရငွေအပိုင်းမှာ အဓိကကျတဲ့ အခွန်ရငွေအပိုင်းပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အထူးကုန်စည်ခွန်ဥပဒေအရ တပ်ရိုက်နိုင်သည့် ပြစ်ဒဏ်များကို ပြည်တွင်းအခွန်က လုပ်ငန်းရှင်များသို့ ရှင်းပြမှုအပြီး မြန်မာနိုင်ငံတွင် အခွန်ထမ်းများကို တရားစွဲဆိုဆောင်ရွက်မှုမရှိသည်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း လက်ရှိတွင် အခွန်ငွေထမ်းဆောင်မှုမရှိသည့် အခွန်ထမ်းများကို တရားစွဲဆိုအရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းနေပြီး မကြာခင်တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲတစ်ဦးမှ ပြောကြားသွားတာကို သိရှိရပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံတွင် ကုမ္ပဏီကြီးများအနေဖြင့် ပြည်သူ့ဘဏ္ဍာတွင် အရပြနေသည့်အခွန်ရငွေများကို အတိအကျမပေးဆောင်ပဲ အဂတိလိုက်စားမှုများ ဖြစ်ပေါ်နိုင်ကြောင်း ယူဆမိပါတယ်။ စာရင်းစစ်ချုပ်ရုံးအနေနဲ့ ရှိတဲ့ဝန်ထမ်းအင်အားနဲ့ သတ်မှတ်တဲ့အချိန်ကာလအတွင်း မပြီးပြီးအောင် စစ်ဆေးနေရတာမျိုးရှိရင်လည်း လုံလောက်စွာအရည်အချင်းပြည့်မီတဲ့ ဝန်ထမ်းအင်အား ဖြည့်တင်းပေးပြီး စာရွက်ပေါ်တွင် စာရင်းစစ်ခြင်းထက် လက်တွေ့ကျကျ ကွင်းဆင်းစစ်ဆေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေနဲ့လည်း ကော်မရှင်ဝန်ထမ်း၏လစာစရိတ်များအပါအဝင် ကော်မရှင်တစ်ခုလုံး၏ တစ်နှစ်ကုန်ကျစရိတ်ငွေများနှင့် တစ်နှစ်အတွင်း ပြည်သူများအတွက် စိစစ်ထုတ်ပြန်နိုင်တဲ့ အမှုအရေအတွက်ကို နှိုင်းယှဉ်စေပြီး အမှန်တကယ်ဖြစ်ရပ်မှန်များကို မဖော်ထုတ်နိုင်ပါက ပြောင်းလဲချိန်တန်ပြီဖြစ်သဖြင့် အားလုံးကို ပြောင်းလဲသင့်ကြောင်း သုံးသပ်အကြံပြုလိုပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြရလျှင် အဂတိလိုက်စားသူ နှင့်အဂတိလိုက်စားမှုပြုလုပ်ရန် အားပေးသူများကို နမူနာပြ အရေးယူဆောင်ရွက်

ပေးသင့်ကြောင်းနှင့် မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာရခြင်းမှာ အများအကျိုးအတွက် ဆောင်ရွက်ရန် ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ကာ လာဘ်ပေးမှု၊ လာဘ်ယူမှုများ ရှိသည့်အတွက် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း အားလုံးအသိပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ အရေး ကြီးသောအခန်းကဏ္ဍတွင် ပါဝင်သော တရားစီရင်ရေးကဏ္ဍတွင် အဂတိလိုက်စားမှုများဖြစ်ပေါ်နေမှု များ အပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ တရားစီရင်ရေးကဏ္ဍတွင် ရဲလုပ်ငန်း ပိုင်း၊ ဥပဒေအရာရှိများလုပ်ငန်းပိုင်း၊ တရားသူကြီးများလုပ်ငန်းပိုင်း၊ ရှေ့နေရှေ့ရပ်များ လုပ်ငန်းပိုင်းနှင့် တရားရေးဝန်ထမ်းများလုပ်ငန်းပိုင်းဟူ၍ အဆင့်ဆင့်ရှိရာ ထိုလုပ်ငန်းပိုင်းတိုင်းတွင် အဂတိလိုက်စား မှုများရှိနေကြောင်း ကြားသိနေရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေဖြင့် ရဲအရေးပိုင်သောပြစ်မှုတစ်ခုပေါ် အခြေခံပြီး ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ အမှုတစ်ခုဖြစ်လာပြီဆိုရင် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ယူဆရသူများကို ရဲမှ စတင်ဖမ်းဆီးပြီးအမှုတွဲဖွင့်လှစ်ကာ ဥပဒေအရာရှိထံ အကြံပေးတင်ပြတောင်းခံ သက်ဆိုင်ရာ တရားရုံးတော်သို့ လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများ၊ သက်သေခံပစ္စည်းများ၊ တရား လိုပြသက်သေစာရင်းများ တင်ပြပြီး တရားလိုပြုလုပ်တိုင်တန်းကြတာ တွေ့ရပါတယ်။ သို့သော် အချို့ သောရဲအရာရှိများသည် စာရွက်စာတမ်းကြေးတောင်းခံခြင်း၊ သက်သေစရိတ်များ တောင်းခံခြင်းများ ရှိသလို အချို့သောရှေ့နေရှေ့ရပ်များသည်လည်း မိမိတို့တတ်ကျွမ်းသည့်ပညာအပေါ်အခြေမခံဘဲ အမှုသည်များအား လာဘ်ငွေများပေးခိုင်းခြင်းမျိုးလည်းရှိကြောင်း ကြားသိရပါတယ်။ ၎င်းအပြင် အမှု

**မူကြမ်း**

တစ်ခုနှင့်ပတ်သက်ပြီး အချို့သောရဲသက်သေ၊ အရပ်သက်သေများသည်လည်း အကြောင်းအမျိုးမျိုး ပြကာ သက်ဆိုင်ရာတရားရုံးတော်သို့ သွားရောက်သက်သေမခံဘဲ မိမိတို့အတွက် လမ်းစရိတ်၊ ငွေကြေးလာဘ်ငွေများရရှိမှသာ သွားရောက်သက်သေခံလေ့ရှိကြောင်းလည်း ကြားသိရပါတယ်။

သက်သေများ သက်သေထွက်ဆိုရန် အကြိမ်ကြိမ်ခေါ်ယူသော်လည်း မလာရောက်ဘဲ အချိန်ဆွဲနေမှုအပေါ်တွင်လည်း သက်ဆိုင်ရာရုံးတော်များမှ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းမျိုး အားနည်းလျက်ရှိကြောင်း တွေ့မြင်ရခြင်းမှာ အဂတိလိုက်စားမှုဖြစ်ပေါ်စေရန်အတွက် တွန်းအားပေးနေသည့် သဘော တွေ့မြင်သုံးသပ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုအများဆုံးဖြစ်ပွားသောဒေသများမှာ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအားနည်းသောမြို့များတွင် ပိုမိုများပြားသည်ကို တွေ့မြင်ရပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်မှုအားနည်းသောမြို့များတွင် အမှုသည်များ၏အသိပညာ နည်းပါးခြင်း၊ ဥပဒေနားမလည်ခြင်း၊ သတင်းမီဒီယာအားနည်းခြင်း၊ အကြောက်တရားများ လွှမ်းမိုးနေခြင်း၊ ရုံးပိုင်းဆိုင်ရာအထက်အရာရှိများ၏ အုပ်ချုပ်မှု၊ လမ်းညွှန်မှု၊ လက်လှမ်းမမီမှုများအပေါ် အခွင့်အရေးရယူကာ လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ ပြုလုပ်လေ့ရှိကြောင်း ကြားသိရပါတယ်။ ထို့ကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် အဂတိလိုက်စားမှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်သင့်ပါသည်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုများကြောင့် ပြည်သူတို့၏အခွင့်အရေးများ၊ အကျိုးစီးပွားများ များစွာထိခိုက်ပျက်စီးလျက်ရှိပါသည်။ အချို့သော ရှေ့နေရှေ့ရပ်များမှာ အမှုသည်နှင့် တရားစီရင်ရေးအဖွဲ့များအကြား ပွဲစားများသဖွယ် လာဘ်ပေးမှုများ ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးမှုများရှိသလို အချို့သောဖမ်းဆီးရဲအဖွဲ့များသည်လည်း မိမိတို့ဖမ်းဆီးတိုင်တန်းရသော အမှုများအား ၎င်းတို့နှင့်အဆင်ပြေသည့် ရှေ့နေရှေ့ရပ်များအား ငှားရမ်းစေပြီး ရှေ့နေရှေ့ရပ်များထံ ပွဲစားခများတောင်းယူလေ့ရှိသည်ကိုလည်း သိရပါသည်။

သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုပပျောက်စေရန်အတွက် အစိုးရဌာသာ တာဝန်ရှိတာမဟုတ်ဘဲ ပြည်သူများထံတွင်လည်း တာဝန်ရှိကြောင်း၊ ဌာနဆိုင်ရာအစိုးရရုံးများ၊ တရားစီရင်ရေးရုံးများ၊ ဥပဒေရုံးများ၊ အခွန်ရုံးများ၊ မြေစာရင်းရုံးများတို့တွင် အဂတိလိုက်စားမှု၊ လာဘ်ပေးမှု၊ လာဘ်ယူမှုများရှိ/မရှိ

လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို လျှို့ဝှက်ဖွဲ့စည်းပြီး ထိရောက်စွာအရေးယူဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများမှာ သစ်ပင်ကြီးသဖွယ်ကြီးထွားရှင်သန်အမြစ်တွယ်လျက်ရှိသည့်အတွက် ထိုအဂတိလိုက်စားမှုသစ်ပင်ကြီးကွယ်ပျောက်သွားရန် အစိုးရနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သို့အတွက် အဆိုရှင်မှ မိမိအဆိုအား လွှတ်တော်တွင် မှတ်တမ်းတင်စောင့်ကြည့်ဖို့ သဘောလောက်သာမဟုတ်ဘဲ ပြည်ထောင်စုအစိုးရမှ ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုသဘောအဖြစ်သာ တင်သွင်းနိုင်ဖို့လည်း အကြံပြုအပ်ပါတယ်။

သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးစေခြင်းသာမက ပြည်သူတို့ဘဝနိမ့်ကျသွားခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာစေခြင်းစသည့် ဆိုးကျိုးများစွာရှိသည့်အတွက် အဆိုရှင်၏အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်းတင်ပြဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသောဧည့်သည်တော်များကို မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းတင်သွင်းသောနိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုဖြစ်ရတဲ့ အကြောင်းအရင်းနဲ့ အဂတိလိုက်စားမှုကို လျှော့ချနိုင်တဲ့အကြောင်းအရင်းကို ကျွန်တော့်အနေနဲ့ သုံးသပ်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုကို ယုံကြည်စွာအပ်နှံထားတဲ့ အခွင့်အာဏာကို ပုဂ္ဂိုလ်အကျိုးအမြတ် အလွဲသုံးစားပြုလုပ်ခြင်း ဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ဦးစွာပထမအဓိပ္ပာယ်ဖွင့်ဆိုချင်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒီအဂတိလိုက်စားမှုကို ဖြစ်လာရတဲ့အကြောင်းအရင်းနဲ့ မည်သို့လျှော့ချရမယ်ဆိုတဲ့ အကြောင်းကို ကျွန်တော့်အနေနဲ့ အချက်နှစ်ချက်နဲ့ တင်ပြဆွေးနွေးနိုင်ရန်အတွက် ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါရန် တောင်းဆိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ Power Point မှာပြထားတဲ့အတိုင်း အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ဖို့အတွက် Anti-corruption လုပ်နိုင်ဖို့အတွက်က အဓိကအားဖြင့်သာ အဂတိလိုက်စားမှုဖြစ်ရတဲ့ အဓိက အကြောင်းအရင်းက ပထမမှာပြထားတာဆိုလို့ရှိရင် တာဝန်ခံမှုနှင့် တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုတွေ ကျဆင်းနေပြီးမှ အဲဒီအတွက်ကြောင့် ဒီ Corruption က တက်လာတာဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဒါဟာ သုံးသပ်တွေ့ရှိရတာဖြစ်ပါတယ်။ အောက်တစ်ခုမှာ အဝါအနေနဲ့ပြထားတာက ဒီအဂတိလိုက်စားမှုကို ကျဆင်းနိုင်ဖို့က တာဝန်ယူမှုတွေ၊ တာဝန်ခံမှုတွေ၊ ပွင့်လင်းမြင်သာမှုတွေ ဆောင်ရွက်တဲ့နေရာမှာ ဒါဟာ မြင့်တက်နိုင်အောင်လုပ်ဖို့ အဲဒီနှစ်ခုကတော့ ဒီဆက်နွယ်မှုကတော့ Diverge ဖြစ်ပြီးမှ ဆက်နွယ်နေတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံကို Transparency International အဖွဲ့ ရဲ့ ၂၀၁၄ ခုနှစ်က သုံးသပ်ထားတဲ့ဟာကို ကျွန်တော့်အနေနဲ့ ချပြတင်ပြချင်ပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာဆိုလို့ရှိရင် TI အဖွဲ့ရဲ့ စစ်တမ်းအရဆိုလို့ရှိရင် ၁၇၅ နိုင်ငံမှာ ၂၀၁၄ ခုနှစ်မှာထုတ်ပြန်တဲ့စစ်တမ်းအရ အဂတိလိုက်စားမှုအဆင့် ၁၅၆ မှာ ရောက်ရှိနေတာကို တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်မှာကျတော့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံက အဂတိလိုက်စားမှုရဲ့ အနေအထား က ၁၆၂ အဆင့်မှာရောက်ရှိနေတာတွေ့တယ်။ အဲဒါကြောင့်ကျွန်တော်တို့ အဲဒီနှစ်ခုကို သုံးသပ်ခြင်းအားဖြင့် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်နဲ့ ကွာဟမှုဟာ ခြောက်နှစ်ကာလဖြစ်ပါတယ်။ အဲဒီခြောက်နှစ်ကာလမှာ ကျွန်တော်တို့ရဲ့ အဆင့်ခြောက်ကို မကြိုးစားဘဲနဲ့ ရောက်ရှိသွားတယ်။ ၁၆၂ နိုင်ငံအဆင့်ကို ရောက်ရှိသွားတာကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ နိုင်ငံမှာ သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်လိုအပ်တယ်ဆိုတာကို ထောက်ပြလိုပါတယ်။ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ဆိုတာကလည်း ခွဲခြားပြီးမှ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ သန့်ရှင်းတဲ့အစိုးရတော့ဟုတ်ပြီ။ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ဖြစ်ဖို့အတွက်က လူမှန်နေရာမှန်တွေရှိဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါ Good Policy တွေရှိဖို့လိုအပ်တယ်။ နောက်တစ်ခါ အဲဒီမှာ အကျင့်

ပျက်ခြစားမှုမြင့်တက်ရတဲ့ အကြောင်းအရင်းက အဲဒီမှာ တာဝန်ခံမှုရယ်၊ တာဝန်ယူမှုရယ်ကျမယ်။ ပွင့်လင်းမြင်သာမှုမရှိဘူး။ အများပြောနေကြတာ တကယ်တမ်း ဒီအကျင့်ပျက်ခြစားခြင်းက လစာတွေ လုံလောက်မှုရရှိဖို့တွေ၊ နောက်တစ်ခါ ဒီအသုံးစရိတ်တွေ လုံလုံလောက်လောက်ရှိဖို့ တကယ်တမ်းက လိုအပ်သော်လည်း အဓိကမဟုတ်ဘဲနဲ့ အဓိကအရင်းအမြစ်က ဒီသုံးခုရှိတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ထောက်ပြပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီတာဝန်ခံမှု၊ တာဝန်ယူမှုပေါ့။ ဒီလစာတွေက အဓိကမဟုတ်ဘူးဆိုတာ ကျွန်တော်ပြောချင်တာက ဒီမိုကရေစီ ကူးပြောင်းတဲ့ကာလမှာ ဒီမိုကရေစီကူးပြောင်းဖို့အတွက် နိုင်ငံရေးသမားတော်တော်များများက လစာမယူဘဲနဲ့ မိမိရဲ့အသိစိတ်ဓာတ်နဲ့ လုပ်ဆောင်ခဲ့တာဆိုတာလည်း တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး အသိဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ အဂတိလိုက်စားမှုကို လျှော့ချနိုင်ဖို့ အတွက်က ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာကိုလည်း အဓိကပြုပြင်ရမယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

အဲဒီမှာ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုကို လျှော့ချခြင်းဟာ တာဝန်ခံမှုတွေ၊ တာဝန် သိမှုတွေ အားကောင်းရပါမယ်။ နောက်တစ်ခါ လုပ်တဲ့နေရာမှာလည်း ပွင့်လင်း မြင်သာမှုရှိအောင် ဒီမူဝါဒတွေချမှတ်ထားတာတို့၊ ဖော်ဆောင်တာတို့၊ ခု ဒီဌာနဆိုင်ရာတွေနဲ့ အောက်ခြေမှာ လုပ်ငန်းရှင် တွေနဲ့ဆက်ဆံတဲ့နေရာမှာလည်း ဌာနဆိုင်ရာတွေအနေနဲ့ပွင့်လင်းမြင်သာအောင် လုပ်ထုံးလုပ် နည်းဥပဒေတွေ၊ ဒီလုပ်ဆောင်တဲ့ Procedure တွေကို ပွင့်လင်းမြင်သာအောင်၊ ပြည်သူတွေရဲ့ အရှေ့ထဲကိုရောက်အောင် စပြီးမှ ရုံးရှေ့မှာ ဗွီနိုင်းနဲ့ကပ်ပြီးမှ ဖော်ပြထားတာတို့ အဲဒီလိုမျိုးဖော်ပြခြင်း အားဖြင့် ပြည်သူတွေကလည်း တာဝန်သိမှုနှင့်လုပ်ဆောင်ကြမယ်ဆိုလို့ရှိရင် ဒါအကျင့်ပျက်ခြစားမှုက လျော့ပါးလာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပမာအားဖြင့် ဆက်ပြီးတော့ ပြောပြရမယ်ဆိုလို့ရှိရင် နောက်တစ်ခါ ဒီဟာတွေကို ထိန်းကျောင်းနိုင်ဖို့အတွက်ကလည်း ဒီအုပ်ချုပ်ရေးကဏ္ဍမှာလည်း အထူးလိုအပ်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍကလည်း ဒီဟာကို ထိန်းကျောင်းနိုင်ဖို့အတွက် ကျွန်တော်တို့ ရဲ့ Key စနစ်နဲ့ ထိန်းချုပ်နိုင်ဖို့အတွက် လိုအပ်တယ်လို့ တင်ပြရင်း ဒေါက်တာသန်းဝင်းရဲ့ အဆိုကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း အဆိုတင်သွင်းထားတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေး အတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဒီလိုဆွေးနွေးရတာကတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ခဲ့တဲ့အခါမှာ ပြောင်းလဲချိန်တန်ပြီဆိုပြီးတော့မှ ဒီသတင်း စကားနဲ့ ကျွန်တော်တို့ ဝင်ခဲ့တယ်။ ဝင်ခဲ့တဲ့အခါမှာ အခု အောက်ခြေမှာ ဘာပြန်ကြားနေရသလဲ ဆိုတော့ ပြည်သူတွေဆီကနေမှ ဘာမှမပြောင်းသေးပါဘူးဆိုတဲ့ဟာကို ပြန်ကြားနေရတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ရော၊ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ရော၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအနေနဲ့ရော တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ပြောင်းလဲရေးကို ကြိုးစားနေကြတာ၊ သိသိ သာသာထင်ထင်ရှားရှားဆောင်ရွက်နေကြတာတွေလည်း အများကြီးရှိပါတယ်။ သို့သော် အောက်ခြေ ပြည်သူလူထုတွေကြတော့ ဘာဖြစ်လဲဆိုတော့ သူတို့ခံစားရတာက ရုံး၊ ဌာနဆိုင်ရာတွေကိုသွားမှာပဲ ဖြစ်ဖြစ်၊ တစ်ခုခုဆောင်ရွက်ချင်ရင်ပဲဖြစ်ဖြစ် လုပ်တဲ့အခါမှာ နဂိုပုံမှန်အတိုင်းပဲပေးမှ အဆင်ပြေတာ မျိုးတွေ တွေ့ရတဲ့အခါမှာ သူတို့က ဘာမှမပြောင်းသေးပါဘူးဆိုတာတွေကို ကျွန်တော်တို့ကို အမြဲတမ်း ပြောပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒီလိုထောက်ခံဆွေးနွေးတဲ့အခါမှာ အချိန်သုံးချိန် တစ်ပြိုင်နက်တည်း တိုက်ဆိုင်နေတာကို ကျွန်တော် တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ထောက်ခံဆွေးနွေးခြင်းဖြစ်ပါ တယ်။

ပထမအချိန်ကတော့ ကျွန်တော်တို့နိုင်ငံအတွက် ပုံရိပ်ကောင်းပြောင်းရမယ့်အချိန်ဖြစ်ပါတယ်။ အဲဒီတော့ ပုံရိပ်ကောင်းပြောင်းရမယ့်အချိန်ဆိုတာက တစ်ကမ္ဘာလုံးကနေမှ ကျွန်တော်တို့နိုင်ငံကို ကြည့်လိုက်လို့ရှိရင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းတွေရော၊ နိုင်ငံကြီးတွေကရော ကြည့်လိုက်လို့ ရှိရင် မြန်မာ့လူ့အဖွဲ့အစည်းဆိုတာ အကျင့်ပျက်ခြစားမှု၊ အဂတိတရားများတဲ့ လူ့အဖွဲ့အစည်းဖြစ်တယ် လို့ ဒါသတ်မှတ်ထားတာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့တွေရဲ့ Report တွေကို ကြည့်လိုက်ရင်လည်းပဲ ကျွန်တော်တို့နိုင်ငံဆိုရင်

International Transparency ကနေမှထုတ်တဲ့ အစီရင်ခံစာအရဆိုရင် ၁၄၇ အဆင့်မှာ ရှိနေပါတယ်။ ဆိုတဲ့အခါကျတော့ တော်တော်များများကလည်း ပြောတာက မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်တဲ့အခါမှာ အဂတိတရားတွေကို ဘယ်လိုရှောင်ပြီးလုပ်မလဲ၊ နိုင်ငံတကာကုမ္ပဏီတွေပဲ ကျွန်တော်တို့ မြန်မာနိုင်ငံဝင်လာတဲ့အခါမှာ Under Table ကိစ္စတွေကို ဘယ်လိုရှင်းမလဲဆိုတာ မျိုးတွေကို အမြဲတမ်းကြားသိနေရတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်ကျပါတယ်။ ဒီပုံရိပ်ကို ကျွန်တော်တို့ ပြန်လည်မြှင့်တင်ရမယ့်အချိန်အခါဖြစ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ ဘာလဲဆိုတဲ့အခါကျတော့ ဆင်းရဲမွဲတေမှုရဲ့ ဇစ်မြစ်ကို တိုက်ဖျက်ရမယ့် အချိန်ဖြစ်ပါတယ်။ အဲဒီတော့ International Monetary Fund လို့ခေါ်တဲ့ IMF ရဲ့အစီရင်ခံစာအရ ဆိုလို့ရှိရင် အဂတိတရားတွေ၊ အကျင့်ပျက်ခြစားမှုတွေများတဲ့နိုင်ငံတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေ ဖြစ်တယ်။ အဲဒီတော့ အဂတိတရားများတာနဲ့ ဆင်းရဲတာနဲ့ဟာ တိုက်ရိုက်အချိုးကျသလို ဖြစ်နေပါ တယ်။ ဆင်းရဲရင် အဂတိတရားများမယ်။ အဂတိတရားများမယ်ဆိုလို့ရှိရင်လည်း ဆင်းရဲမယ်ဆိုတာမျိုး ဖြစ်နေတယ်။ အဲဒီလိုမျိုးဆင်းရဲတဲ့အခါမှာ ဘာကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ဆိုလို့ ရှိရင် အဂတိတရားလည်းများနေသလဲဆိုတာကို ကြည့်တဲ့အခါမှာ အစိုးရက အဝင်နည်း အထွက်များ ပြဿနာကို ရင်ဆိုင်နေရတယ်ဆိုတာလည်း ကျွန်တော် တွေ့ရပါတယ်။ ရှေ့က လွှတ်တော်ကိုယ်စား လှယ်ကြီးများ ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ကိုလည်းပဲ နယ်တွေဆင်းသွား ပြီဆိုလို့ရှိရင် သက်ဆိုင်ရာနီးစပ်ရာဝန်ထမ်းတွေက မေးပါတယ်။ လစာဘယ်တော့တိုးမလဲ၊ လစာမတိုး သေးဘူးလား၊ လစာတိုးမယ်လို့ကြားတယ်။ ကျွန်တော်တို့ကို မေးပါတယ်။ မေးတဲ့အခါမှာ ကျွန်တော်တို့ အနေနဲ့ကတော့ လစာတိုးတဲ့ကိစ္စကတော့ ဒါ အစိုးရကဆောင်ရွက်မှာဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော့် အမြင်ကိုပြောပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆီမှာ ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံဖြစ်တယ်။ ပြီးတော့ နောက်တစ်ချက်ဘာလဲဆိုတဲ့အခါကျတော့ အစိုးရဆီကို အမှန်တကယ်ဝင်ရမယ့် အခွန်ငွေတွေကျတော့ အကျင့်ပျက်ခြစားမှုတွေကြောင့်မို့လို့ အဝင်အရမ်း နည်းပါတယ်။ ဝင်သင့်ဝင်ထိုက်တဲ့အဝင်တွေ မဝင်ပါဘူး။ ပြန်ထွက်ဖို့ကျတဲ့အခါကျတော့ လမ်းပဲ လုပ်လုပ်၊ တံတားပဲလုပ်လုပ်၊ ကျောင်းပဲဆောက်ဆောက်၊ ဆေးရုံပဲဆောက်ဆောက် အထွက်ကျတော့ ပုံမှန်ကျသင့်ကျထိုက်တာထက် ပိုကျနေတယ်ဆိုတာမျိုးတွေ ကျွန်တော်တို့တွေ တွေ့ရှိရပါတယ်။ အဲဒီတော့ ရှေ့ကလွှတ်တော်ကိုယ်စားလှယ်ကြီးများပြောသလိုပဲ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်အနေနဲ့လည်းပဲ ဒီကိစ္စတွေမှာ ပါဝင်ခွင့်အထိုက်အလျောက်ရမယ်ဆိုလို့ရှိရင် အရမ်းကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်အဆင့် ဘတ်ဂျက်စီမံကိန်းရေးဆွဲတဲ့အခါတွေမှာ ကျွန်တော်တို့က ဘတ်ဂျက် Estimation တွေကို မပြပါဘူး။ ကြည့်ခွင့်ရှိလား/မရှိလားလည်း ကျွန်တော်တို့မသိပါဘူး။ သေချာတာက လုပ်ငန်းအပေါ်မှာပဲ ဖြစ်သင့်/မဖြစ်သင့် ထောက်ခံခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေဖြစ်နေ တဲ့အခါမှာ နယ်မြေအခြေအနေ၊ နယ်မြေပေါက်ဈေးတွေကို ဘာမှ မစိစစ်နိုင်ဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို အဝင်နည်းအထွက်များဖြစ်နေတဲ့အနေအထားမှာ ကျွန်တော်တို့နိုင်ငံအတွက် တော်တော်အခက်အခဲဖြစ်ပါတယ်။

အဲဒီတော့ နောက်ဆုံးအချက်ကတော့ မြန်မာနိုင်ငံအတွက်ဟာ အနာဂတ်ကောင်းအတွက်ကို အခြေခံအုတ်မြစ်ချရမယ့်အချိန်ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီပြဿနာတွေကြီးပဲ ပြောနေမယ့်အစား ကျွန်တော်တို့က ဒီအကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်တဲ့အခါမှာ နည်းလမ်းတွေရှိပါတယ်။ အဲဒီတော့ ဒီနည်းလမ်းတွေကို ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အကြံပြုဆွေးနွေးချင်တာကတော့ နံပါတ်(၁)ကတော့ အုပ်ချုပ်ရေးနှင့် ငွေကြေးစနစ်ကို ပွင့်လင်းမြင်သာတဲ့စနစ်ဖြစ်အောင်၊ ပြီးတော့ အုပ်ချုပ်ရေးကို လွယ်ကူတဲ့စနစ်အဆင့်ဆင့် ကြိုးနီစနစ်တွေ လျော့နည်းတဲ့စနစ်ဖြစ်အောင် ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပေးဖို့ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ တရားဥပဒေစိုးမိုးရေးအားကောင်းအောင် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဝန်ထမ်းတွေ အကျင့်ပျက်ခြစားတာကို စစ်ဆေးတွေ့ရှိရတဲ့အခါမှာ ရာထူးလျှော့တာ၊ နေရာပြောင်းတာလောက်ပဲမလုပ်ဘဲနဲ့ ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံရဲ့တန်ဖိုးတွေကို ပြောင်းလဲဖို့ဖြစ်ပါတယ်။ Value Change အတွက်ကို ပညာရေးတွေမှာပါ ဒီအကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုရဲ့ဆိုးကျိုးတွေကို ပြောပေးဖို့ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ ကျွန်တော့်အနေနဲ့ ကော်မရှင်ကိုလည်း မေးချင်တာက ဒီလိုမျိုး လွှတ်တော်ကိုယ်စားလှယ်တွေ အဂတိလိုက်စားမှုမှာ ပါဝင်လို့ရ/မရနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်တဲ့အခါမှာ ဘာအခက်အခဲတွေရှိသလဲဆိုတာကိုလည်း ကော်မရှင်ရဲ့သဘောထားကို ပြောပြလို့ရမယ်ဆိုရင် သိချင်ပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆနယ်က ဒေါက်တာသန်းဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုဆွေးနွေးရန်ကျန်ရှိသူများနဲ့ အစီအစဉ် ၇ ကို မနက်ဖြန် ၁၀-၈-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**